ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ စနေနေ့၊ (18-11-2006) (၅၁၄၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်က လူသားအရင်းအမြစ်များကို စွမ်းရည်ထက်မြက်မြင့်မားအောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကမ္ဘာ့ဖြစ်ပေါ်ပြောင်းလဲနေမှုကို မျက်ခြည်မပြတ်လေ့လာ၊ ကြိုတင်မြော်တွေး၊ ထိုးထွင်းကြံဆမှုနှင့်အတူ ပေးအပ်သည့်တာဝန်များကို ခေတ်နှင့်လျော်ညီစွာ ကျေပွန်အောင် ထမ်းဆောင်နိုင်ကြရမည်

နေပြည်တော် နိုဝင်ဘာ ၁၇

တပ်မတော်(လေ) လေကြောင်းအတတ်သင် လေတပ်စခန်း အမှတ်(၁) လေယာဉ်မောင်းသင်တန်းကျောင်း၏ အမှတ်စဉ်(၆၈) လေယာဉ်မောင်းသင်တန်း သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မိတ္ထီလာမြို့ ရှမ်းတဲရှိ လေကြောင်းအတတ်သင်လေတပ်စခန်း စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ လေကြောင်း အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီး သူရခင်မောင်ဝင်း၊ တပ်မတော်(လေ)မှ လေတပ်စခန်းဌာနချုပ်မှူး၊ လေတပ်စခန်းမှူး၊အုပ်မှူး၊တပ်မှူးနှင့် ဌာနမှူးများ၊ မိတ္ထီလာတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှတပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း တပ်မတော်(လေ) လေကြောင်းအတတ်သင် လေတပ်စခန်း အမှတ်(၁) လေယာဉ်မောင်းသင်တန်းကျောင်း၏ အမှတ်စဉ်(၆၈) လေယာဉ်မောင်းသင်တန်း သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

▶ *အင်းလေး၊ ရွှေညောင်၊ ညောင်ရွှေ၊ မိုင်းရှူး၊ ဟဲပိုး၊ မောက်မယ်၊ မိုင်းပန်၊ ကလော၊ မိုင်းကိုင်၊ ဆီဆိုင်၊ လဲချား၊ ပင်လောင်း၊ ပင်းတယ၊ လွိုင်လင်၊ လွိုင်ကော်၊ ဘန်းယဉ် စသည်တို့မှ လာရောက်ခဲ့ကြ၍ အလင်းသစ်ကိုရရှိခဲ့ပြီဖြစ်သည့် စိတ်ထားဖြူစင်ရိုးသားလှသည့် ရှမ်းတိုင်းရင်းသားတို့၏ ပကတိ ပီတိမျက်နှာများ၊ တာဝန်ရှိသူလူကြီးများ၏ လိုက်လှဲပျူငှာမှုများစွာတို့ကို ကျွန်မအနေဖြင့် မည်ကဲ့သို့ စာပန်းချီခြယ်မှုန်းရမည် မသိနိုင်တော့ပေ။*

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)၏ **“ကမ္ဘောဇဌာနေ မောရှမ်းမြေမှ စက္ကူအလင်းအလှူပွဲ”** (ဆောင်းပါး) စာမျက်နှာ–၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၈–၁၁–၂၀၀၆
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှလုံးသွေးကြော ပိတ်ဆို့ဆက်နွှယ်မှု အစဉ်ဂရုပြု

နှလုံးသည် လူ၏ခန္ဓာကိုယ်တွင် အဓိကအရေးပါသော အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်ရာ အသက်အရွယ်မရွေး လူတိုင်းကျန်းမာအသက်ရှည်ရေးအတွက် ကျန်းမာသော နှလုံးရှိရန် လိုအပ်သည်။ အထူးသဖြင့် အသက်အရွယ် ကြီးရင့်လာသူများ၏နှလုံးသည် အိုမင်းရင့်ရော်လာပြီး နှလုံးသွေးကြောရောဂါ ရလာနိုင်သဖြင့် စနစ်တကျနေထိုင် စားသောက်ကြရန် လိုအပ်သည်။

ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ ဆေးလိပ်ငွေ့ကို ရှူရှိုက်မိခြင်းတို့သည် ရုတ်တရက် နှလုံးသွေးကြော ပိတ်ဆို့ခြင်း (Heart Attack) ဖြစ်ပွားစေသော အဓိကအကြောင်းရင်းများ ဖြစ်သည်ဟု သိပ္ပံပညာရှင်များက လက်ခံထားကြပြီးဖြစ်သည်။

ကိုယ်လက်လှုပ်ရှားမှု နည်းသည့်လူများတွင် သွေးကြောများ ပိုမိုပျက်စီးတတ်ပြီး သွေးကြောများ ရောင်ရမ်းခြင်း၊ အဆီပိတ်ခြင်းနှင့် သွေးကြောပိတ်ခြင်း ရောဂါများဖြစ်တတ်သကဲ့သို့ ငန်လွန်း၊ ချိုလွန်းပြီး ပြည့်ဝဆီ များပြားသော အစားအသောက်များ လွန်ကဲစွာ စားသုံးခြင်းသည်လည်း သွေးကြောအဆီ ပိတ်ခြင်းကို ဖြစ်စေသည်။

ထို့အပြင် ပြင်းထန်စွာ နင်းနှိပ်ခြင်း၊ ခြေဖနောင့်အားဖြင့် ဖိနင်းခြင်းတို့သည် သွေးကြောများ ရုတ်တရက်ပွန်းပဲ့ ပျက်စီးသွားစေပြီး သွေးထဲရှိအောက်စီဂျင်များ လိုအပ်သည့် အင်္ဂါအစိတ်အပိုင်းများသို့ မရောက်ရှိနိုင်ဘဲ ခြေထိပ်၊ လက်ထိပ်များ အနာဖြစ်ကာ ပုပ်၍ဖြတ်ပစ်ရခြင်းများ ကြုံတွေ့ရတတ်သည်။

ထို့ကြောင့် အရွယ်ရောက်ပြီးသူတစ်ဦးအတွက် တစ်ရက်လျှင် နာရီဝက်ခန့် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်းတို့ဖြင့် ကိုယ်အလေးချိန် အသင့်အတင့် ကျဆင်းစေပြီး နှလုံးသွေးကြောရောဂါ ဖြစ်ပွားစေသည့် သွေးပေါင်ချိန်များခြင်း၊ သွေးတွင်းအဆီဓာတ်နှင့် အချိုဓာတ်များခြင်းတို့ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ တစ်ဖက်မှလည်း ကိုလက်စထရောများသော အစားအသောက်များကို ရှောင်ကြဉ်ပြီး အဆီမပါသော သား၊ ငါး၊ ပဲနှင့် ပဲတောင့်ရှည်၊ ဟင်းသီးဟင်းရွက် အသီးအနှံများ ပိုမိုစားသုံးကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် နှလုံးသွေးကြောပိတ်ဆို့မှုနှင့် ဆက်နွှယ်နေသည့် ဆေးလိပ်၊ အရက်သောက်သုံးခြင်း၊ ပြည့်ဝဆီများသော အစားအစာများ စားသုံးခြင်းများကို အစဉ်ဂရုပြု ရှောင်ကြဉ်ကြပြီး ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်းနှင့် ဟင်းသီးဟင်းရွက်များ မျှတစွာစားသုံးခြင်းတို့ဖြင့် နှလုံးရောဂါကင်းဝေး၍ အသက်ရှည် ကျန်းမာရေးကို အထောက်အကူပြုသွားနိုင်မည် ဖြစ်ပါသည်။ ။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အမှတ်(၂)ဓာတ်မြေဩဇာစက်ရုံ(ကျွန်းချောင်း)နှင့် ရေနံဓာတ်ငွေ့ရည်(LPG)စက်ရုံ (ကျွန်းချောင်း)တို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် နိုဝင်ဘာ ၁၄ရက်တွင် မကွေးတိုင်း ကျွန်းချောင်းမြို့ရှိ အမှတ်(၂)ဓာတ်မြေဩဇာစက်ရုံ(ကျွန်းချောင်း)သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးဌေးအောင်က အမှတ်(၂)ဓာတ်မြေဩဇာစက်ရုံ (ကျွန်းချောင်း)ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ရေနံဓာတ်ငွေ့ရည်(LPG) စက်ရုံ(ကျွန်းချောင်း)၏ ရေနံဓာတ်ငွေ့ရည် (LPG)ထုတ်လုပ်နေမှု အခြေအနေများကို လည်းကောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားစက်ရုံ (ကျွန်းချောင်း) စက်ရုံမှူးက သဘာဝဓာတ်ငွေ့ရရှိမှုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က စက်ပစ္စည်းရောက်ရှိမှု၊ ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဝန်ကြီးက ရေနံဓာတ်ငွေ့ရည် (LPG)စက်ရုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dong Fong Co.Ltd မှ တာဝန်ခံ မစ္စတာရှဲ့ဆင့်နှင့် တရုတ် ကျွမ်းကျင်ပညာရှင် အဖွဲ့အား ဂုဏ်ပြုသစ်သီးခြင်းကို လက်ဆောင်ပေးအပ်ပြီး စက်ရုံပြင်ဆင်မှုအတွက် မှာယူထားသောပစ္စည်းများ အကောင်အထည်ဖော် ဆောင်ရွက်ကြသကဲ့သို့ ပြင်ဆင်မှုလုပ်ငန်း စက်ပိုင်းဆိုင်ရာများကို စေ့စပ်သေချာစွာဖြင့် ဂရုပြု ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေနံဓာတ်ငွေ့ရည်(LPG)စက်ရုံ (ကျွန်းချောင်း)သို့ သွားရောက်ပြီး ရေနံဓာတ်ငွေ့ရည် ထုတ်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ညှိနှိုင်းပေး

ထို့နောက် ဝန်ကြီးသည် ကျွန်းချောင်းမြို့ရှိ စက်ရုံနှင့် ရေနံမြေတို့မှ ဝန်ထမ်းများအား ကျန်းမာရေး စစ်ဆေးကုပေးလျက်ရှိသော ကျန်းမာရေးဦးစီးဌာနမှ လုပ်ငန်းခွင် ကျန်းမာရေးညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့် ခေါင်းဆောင်သောအဖွဲ့အား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မကွေးတိုင်း ကျွန်းချောင်းမြို့ရှိ ရေနံဓာတ်ငွေ့ရည် (LPG) စက်ရုံ(ကျွန်းချောင်း) ထိန်းချုပ်ခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

စမ်းချောင်းမြို့နယ် ရှမ်းလမ်းမကြီးပေါ်ရှိ ယခင် ကွက်သစ်အစိုးရ အလယ်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပုလဲရတုအာစရိယပူဇော်ပွဲ ကို နိုဝင်ဘာ ၁၄ ရက်ကကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများအား စုပေါင်းကန်တော့ကြစဉ်။

(ဝ၄)

ပြွန်တန်ဆာအထက၊ အလက အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

ပဲခူးတိုင်း ပြွန်တန်ဆာမြို့ အထကနှင့် အလက ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပြွန်တန်ဆာမြို့ ဘိုးရာဇာခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။

ပြွန်တန်ဆာမြို့ အထကနှင့် အလကတို့တွင် လုပ်သက်အနည်းဆုံး တစ်နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့၍ အသက်၆၀ နှစ်ပြည့်ပြီးသော အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာမရရှိပါကလည်း အပူဇော်ခံကြွရောက်ပါရန် ဖိတ်ကြားထားသည်။ ရပ်ဝေးရပ်နီးမှ ကျောင်းသူ၊ ကျောင်းသားဟောင်းတို့သည် ငွေပဒေသာပင်တစ်ခုလျှင် ငွေကျပ် ၅၀၀၀ ဖြင့် စိုက်ထူလှူဒါန်းနိုင်ကြသည်။

ကျောင်းသူ၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ဂါရဝပြုကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ရန်ကုန်တွင် ဒေါ်ခင်စောမူ ဖုန်း–၆၆၃၁၇၉၊ ဦးဌေးအောင် လက်ထောက် အထွေထွေမန်နေဂျာ(မြို့ပြ) တိုင်းအမှတ်(၇) မြန်မာ့မီးရထား ဖုန်း–၂၅၁၁၈၃၊ မန္တလေးတွင် ဒေါ်ကြေးမုံစန်း ဖုန်း ၀၂–၂၉၅၉၀၊ ပြွန်တန်ဆာမြို့တွင် ဦးတင်ဦး ဖုန်း–၀၅၂–၅၉၃၀၄ နှင့် ဒေါက်တာခင်မောင်အေး ဖုန်း– ၀၅၂–၅၉၁၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်းနေ ဦးတင်ဆောင်–ဒေါ်တင်တင်မြင့်မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ကနောင်အသင်း (ရန်ကုန်) တတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ပေးပွဲကို အောက်တိုဘာ ၂၉ ရက်က ကျင်းပရာ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သော မောင်ပြည့်ဆက်ပိုင်အား ဒုတိယဥက္ကဋ္ဌဦးတင်ဝင်းက ပညာရည်ချွန်ဆု ပေးအပ်စဉ်။

(ပညာရေး)

ကမ္ဘောဇဗျာနေ မောရှမ်းမြေမှ စက္ခုအလင်းအလှူပွဲ

ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)

တစ်ဆောင်းသစ်ခဲ့ပြန်ပါပြီ။ မြူခိုးတွေဝေနေသည့် နိုဝင်ဘာ နံနက်ခင်းမှာပဲ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ ရောက်ရှိခဲ့ပေသည်။ သာမောဖွယ်ရာ ရှမ်းရိုးမ တောင်တန်းကြီးကို နောက်ခံထား၍ ပန်းချယ်ရီများ၊ ပန်းမဲဇလီများ၊ ထင်းရှူးတောများဖြင့် ပန်းချီကား တစ်ချပ်သဖွယ် လှပနေကြသလို တောင်စောင်းတောင်ကမ်းပါးများက ကွေ့ကောက် နိမ့်ဆင်းသွားလိုက်၊ မြင့်မားမတ်စောက်သွားလိုက်ဖြင့် ရှမ်းရိုးမအလှများကို ရှုမျှော်မဆုံးအောင် တွေ့မြင်နေရပေသည်။

ဤခရီးစဉ်သည်ကား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၏ စီစဉ်မှုဖြင့် ဂျပန်-မြန်မာ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် ဒေသခံ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကို တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးတွင် ကျင်းပမည့် ခရီးစဉ်ပင်ဖြစ်သည်။

ဂျပန်နိုင်ငံ ဖူဂျီတာ ကျန်းမာရေးတက္ကသိုလ်မှ ဒေါက်တာ ဟိုရီအိုနာအိုအိချိ ဦးဆောင်သည့် အဖွဲ့ဝင် ကိုးဦးပါဝင်သော ဂျပန်မျက်စိအထူးကု အဖွဲ့သည် နိုဝင်ဘာလ ၄ရက်နေ့တွင် လေယာဉ်ခရီးဖြင့် ရန်ကုန်မြို့မှ ဟဲဟိုးမြို့သို့ ရောက်ရှိခဲ့ကြသည်။ ဟဲဟိုး လေဆိပ်ကို ခြေချလိုက်မိသည်နှင့် အေးမြလတ်ဆတ်သော တောင်ပေါ်လေကြောင့် အားလုံး၏ စိတ်နှလုံးတို့ ချမ်းမြေ့လန်းဆန်းသွားရသည်။

ရှမ်းပြည်နယ် ရှုခင်းအလှများကို မျက်ဝါးထင်ထင် တွေ့မြင်ရပြန်တော့ နိုင်ငံခြားသားဧည့်သည်များ၏ စိတ်အစဉ်မှာ မည်သို့ခံစားရမည် မသိနိုင်သော်လည်း ကျွန်မကတော့ မြန်မာ့မြေပေါ်ဝယ် ယခုကဲ့သို့ ချစ်စရာ လှပပါသော မြန်မာရှုခင်းများနှင့်အတူ မြန်မာဖြစ်ရခြင်းကိုပင် ဂုဏ်ယူနေခဲ့မိပြန်သည်။

ကျွန်မတို့ မြန်မာနိုင်ငံအတွင်းဝယ် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင် စသဖြင့် လူမျိုးစုများ စုစည်းနေထိုင်ကြသလို ရှမ်းပြည်နယ် အတွင်းမှာလည်း ရှမ်းလူမျိုးများသာမက ဂုံ၊ ယွန်း၊ အင်းသား၊ ယင်းကြား၊ ယင်းနက်၊ ပအိုဝ်း၊ ပလောင်၊ တောင်ရိုး၊ ပဒေါင်း၊ ပဒူး၊ လီဆူး၊ တိယန်၊ ကိုးကန့်၊

လားဟူ၊ မြောင်ဇီး၊ လွယ်လ၊ 'ဝ'စသဖြင့် လူဦးရေ ၃၅ သိန်းခန့် နေထိုင်ကြပြီး စိုပြည်စိမ်းလန်းနေသည့် ရှမ်းပြည်နယ်ကြီးကို ပြည်ထောင်စုကြီး၏ ထမင်းအိုး တစ်လုံးဟူ၍ပင် တင်စားခေါ်ဝေါ်ခဲ့ကြသည်။ ရှမ်းလည်းမြန်မာ၊ မြန်မာလည်းရှမ်း လက်တွဲ မဖြုတ်စတမ်း ဆိုသလိုပင် ပြည်ထောင်စုရောင်ခြည်များ ပြည့်လျှမ်းနေသည့် ပင်လုံအောင်မြေစခန်းရှိရာဌာနေ၊ ညီညွတ်မှု ပြယုဂ်များ အရင်းတည်ခဲ့ရာ မြေလည်းဖြစ်ပေသည်။

ယခုကဲ့သို့ ပန်းချယ်ရီလမ်း ထင်းရှူးတန်းများဖြင့် ရှမ်းရိုးမတောင်တန်းကြီးတွေက ဝင့်ကြွားခံ့ထည်နေသလို ဂျပန်နိုင်ငံမှာလည်း ဖူဂျီယာမတောင်ကိုနောက်ခံထားလို့ ပန်းချယ်ရီများက လှပဝေဆာ သင်းပျံ့နေမှာပါပဲရယ်လို့ နှိုင်းယှဉ်ခံစားနေမိပြန်သည်။ တကယ်တော့လည်း လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အသားအရောင်တွေ၊ ဘာသာအယူဝါဒတွေ၊ ခံယူချက်ဓလေ့ထုံးစံတွေ၊ ယဉ်ကျေးမှုတွေ၊ ရုပ်ဝတ္ထုတိုးတက်မှုတွေ မည်သို့ပင် ကွဲပြားခြားနား နေပါစေ ရင်ထဲမှာ နှလုံးသားရှိကြတာချင်း တူညီနေကြသည်မို့ ဖြူစင်သည့် မေတ္တာတရား၊ ကရုဏာ၊ မုဒိတာတရား၊ လူလူချင်း ညှာတာထောက်ထားမှု၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှု ဆိုတာတွေကတော့ ထပ်တူထပ်မျှ ဖြစ်တည်နေကြမှာပင် ဖြစ်သည်။

ထို့အတူပင် မြန်မာနိုင်ငံသို့ ခြောက်လတစ်ကြိမ် လာရောက်ပြီး မျက်စိအလင်းအလှူနှင့် ခွဲစိတ်ကုသလှူဒါန်းမှုများ ပြုလုပ်နေသည့် ဂျပန်နိုင်ငံမှ ဒေါက်တာ ဖူဂျီတာယိုရှိဖူမိ ခေါင်းဆောင်သည့် အဖွဲ့ဆိုလျှင် တစ်ခေါက်ထက်တစ်ခေါက်၊တစ်နှစ်ထက်တစ်နှစ် ကျွန်မတို့ မြန်မာမျက်စိဆရာဝန်များနှင့် မြန်မာပြည်သူများ အကြားဝယ် တစ်သားတည်းဖြစ်နေခဲ့ကြပြီ ဖြစ်သည်။

ဒေါက်တာဖူဂျီတာနှင့် အဖွဲ့သည် ၁၉၉၉ခုနှစ် ဖေဖော်ဝါရီလမှ စတင်ပြီး မြန်မာနိုင်ငံသို့ Phacoe-mulsification ဟုခေါ်သော နောက်ဆုံးပေါ် အသံလွှန်လှိုင်းဖြင့် အတွင်းတိမ်ခွဲစိတ်မှုအတွက် လာရောက်ခဲ့ကြသည်မှာ ယနေ့ဆိုလျှင်(၁၆)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။ ခွဲစိတ်ကုသမှုအတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ၊ နောက်ဆုံးပေါ် ခေါက်ချိုး၍ထည့်ရသော မျက်တွင်းမှန်များ၊ မျက်စဉ်းဆေးဝါးများကို ဂျပန်နိုင်ငံမှ တစ်ပါတည်း သယ်ဆောင်လာပြီး အခမဲ့ခွဲစိတ်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံ မျက်စိဆရာဝန်များနှင့် Knowledge Exchange ဟု ခေါ်နိုင်သော နောက်ဆုံးပေါ် မျက်စိရောဂါပညာ ကုထုံးအတွေ့အကြုံများစွာ ဖလှယ်နိုင်ခဲ့ကြပြီး မျက်စိရောဂါပညာ၏ ခေတ်မီတိုးတက်မှုများကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြသည်။

အမှန်တကယ်လည်း ဒေါက်တာဖူဂျီတာနှင့်အဖွဲ့၏ မြန်မာပြည်သူတို့အပေါ် ထားရှိသော စေတနာ၊ မေတ္တာတို့မှာ တုနှိုင်း၍မရနိုင်ခဲ့ပေ။ ယင်းသည်ပင် ဂျပန်၊ မြန်မာတို့၏ "မေတ္တာပေါင်းကူးတံတား"ဟု တင်စား ရလေမလား။

"အလင်းရောင်"ဟူသည် လူတိုင်းမျှော်လင့် တောင့်တနေသော အရာတစ်ခုပင်။ လူသားတိုင်းစက္ခုအာရုံ မျက်လုံးအစုံ၏ အလင်းဓာတ်ကို ရာနှုန်းပြည့် ရယူပိုင်ဆိုင်လိုကြပေသည်။ မည်သည့်နိုင်ငံ၊ မည်သည့် ဒေသတွင်မဆို မျက်စိအတွင်းတိမ်၊ ရေတိမ်စသည့် အလင်းရောင် ကွယ်စေနိုင်သော ရောဂါများကြောင့် အမှောင်လမ်းဝယ် စမ်းတဝါးဝါးဖြင့် ဘဝရေတိမ်နစ်ကြရသူများမှာ ရှိနေကြမည်သာဖြစ်သည်။ ကျွန်မတို့ မျက်စိဆရာဝန်တိုင်း ရယူလိုသောဆု၊ တူညီသည့် တစ်ခုတည်းသော ဆန္ဒမှာ မိမိတို့ ခွဲစိတ်ကုသပေးသည့်လူနာကို ရာနှုန်းပြည့် မြင်စေလိုခြင်းပင်ဖြစ်သည်။ အလင်းသစ်တို့ကို ဆောင်ကြဉ်းပေးခြင်းဖြင့် "ဘဝသစ်တစ်ခု" ဆီသို့ ပို့ဆောင်ပေးနိုင်သည့် မြင့်မြတ်သော စိတ်ထားပိုင်ရှင်များ ပူးပေါင်းဆက်နွှယ်မိကြခြင်းပင် ဖြစ်သည်။

အတွင်းတိမ်ရောဂါဟူသည် မျက်စိကွယ်စေနိုင်သော ရောဂါများတွင် ထိပ်ဆုံးမှ နေရာယူနေပေသည်။ အတွင်းတိမ်ကို ခွဲစိတ်ကုသခြင်းဖြင့်သာ အမြင်အာရုံ ရာနှုန်းပြည့် ပြန်လည်ရယူနိုင်မည်ဖြစ်သဖြင့် ယခုကဲ့သို့ ပြည်သူလူထုရှိရာသို့ မျက်စိဆရာဝန်များက ကွင်းဆင်းကုသမှု ပေးကြခြင်းဖြင့် အတွင်းတိမ်ကြောင့် အမြင်အာရုံဆုံးရှုံးနေသူများ လျော့နည်းပပျောက်စေနိုင်သလို နိုင်ငံတော်၏ လုပ်အားများကိုလည်း မြင့်မားတိုးတက်လာစေမည်ဖြစ်ရာ တစ်ဖက်မှာလည်း ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကိုပါ အကောင်အထည်ဖော်ပြီး ဖြစ်ပေလိမ့်မည်။

ဤသို့ဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို စောင့်ရှောက်မှုပေးရန် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးသို့ ရောက်ရှိ ခဲ့ကြခြင်းဖြစ်ပေသည်။ နိုဝင်ဘာ ၄ရက်၊ ၅ရက်နေ့များတွင် ဂျပန်နိုင်ငံ ဖူဂျီတာကျန်းမာရေး တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ Dr. Horio Naoichi ဦးဆောင်သည့် ဂျပန်မျက်စိအထူးကုအဖွဲ့၊ ရန်ကုန်မြို့မှ ပါမောက္ခ မျက်စိအထူးကုဆရာဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာသန်းအောင်၊ ဒေါက်တာ မြအောင်၊ ဒေါက်တာဒေါ်မြင့်ခိုင်၊ ဒေါက်တာတင်ဝင်း၊ ဒေါက်တာ အောင်မြတ်စိုးတို့ ဦးဆောင်သည့် မြန်မာနိုင်ငံ မျက်စိဆရာဝန် ၂၃ဦးနှင့် အတူ ပြည်နယ်မျက်စိ ဆရာဝန်ကြီး ဒေါက်တာ စန္ဒာသိန်း၊ ဒေါက်တာ မြတ်အေးတို့၏ ပံ့ပိုးကူညီမှုဖြင့် လူနာပေါင်း၁၉၂၀ ကို စမ်းသပ်စစ်ဆေးကုသမှုပေးခဲ့ကြသည်။ အတွင်းတိမ် လူနာ ၂၀၈ဦးကို တိမ်ခွဲမှန်ထည့်ပေးခဲ့ကြပြီး အသေးစား ခွဲစိတ်မှုပေါင်း ၅၈ဦးကို ကုသမှုပေးနိုင်ခဲ့ကြသည်။

အင်းလေး၊ ရွှေညောင်၊ ညောင်ရွှေ၊ မိုင်းရှူး၊ ဟဲဟိုး၊ မောက်မယ်၊ မိုင်းပန်၊ ကလော၊ မိုင်းကိုင်၊ဆီဆိုင်၊ လဲချား၊ပင်လောင်း၊ ပင်းတယ၊ လွိုင်လင်၊ လွိုင်ကော်၊ ဘန်းယဉ်စသည်တို့မှ လာရောက်ခဲ့ကြ၍ အလင်းသစ်ကို ရရှိခဲ့ပြီဖြစ်သည့် စိတ်ထားဖြူစင် ရိုးသားလှသည့် ရှမ်းတိုင်းရင်းသားတို့၏ ပကတိ ပီတိမျက်နှာများ၊ တာဝန်ရှိသူလူကြီးများ၏ လှိုက်လှဲပျူငှာမှု များစွာတို့ကို ကျွန်မအနေဖြင့် မည်ကဲ့သို့ စာပန်းချီ ခြယ်မှုန်းရမည် မသိနိုင်တော့ပေ။

အဆိုပါပွဲကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တာဝန် ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် ပါမောက္ခ အာဒစ်ယီဘိုရို၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာဒင်နရယ်ဘေကာတို့က လည်း မျက်စိလူနာများကို စမ်းသပ်စစ်ဆေးပေးနေပုံများ၊ ခွဲစိတ်ကုသပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြပြီး ခွဲစိတ်ပြီး လူနာများကို တွေ့ဆုံအားပေးခဲ့ကြသည်။

ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုင်းခမ်းလှိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုး၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာတင့်ဝေ၊ ပြည်နယ် AIDS အဖွဲ့ခေါင်းဆောင် ဒေါက်တာဉာဏ်ထွန်းနှင့် အထူးကု ဆရာဝန်ကြီးများကလည်း အစစအရာရာ လိုလေသေးမရှိအောင် အစွမ်းကုန် ပံ့ပိုးကူညီခဲ့ကြသည်။ နိုဝင်ဘာ ၅ရက် ညနေပိုင်းတွင် မျက်စိကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် အသုံးပြုမည့် ပစ္စည်းများ လှူဒါန်းပွဲနှင့် (၆)ကြိမ်မြောက် မြန်မာ-ဂျပန် မျက်စိ ဆရာဝန်များညီလာခံကို တောင်ကြီးမြို့ စဝ်စံထွန်း ဆေးရုံတွင် ကျင်းပခဲ့သည်။ လှူဒါန်းသည့် ဆေးဝါး ပစ္စည်းများကိုဂျပန်နိုင်ငံမှ ဒေါက်တာ Horio Naoichi က လှူဒါန်းခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံရယူခဲ့ပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက လက်ဆောင်ပစ္စည်း ပြန်လည် ပေးအပ်ခဲ့သည်။ ထို့နောက် ဂျပန်နိုင်ငံမှ မျက်စိ ဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဟိုရီအိုနာ အိုအိချိ၊ ဒေါက်တာ အုအဲနို၊ ဒေါက်တာ ယာမာဆာကီ တို့နှင့် Alcon ကုမ္ပဏီမှ မစ္စမိဆာကို၊ Otsuka ဆေးကုမ္ပဏီမှ မစ္စတာရှိချိဂျိုတို့က စာတမ်းများ အသီးသီးဖတ်ကြားခဲ့ကြသည်။

Dr. Horio Naoichi က လှူဒါန်းပစ္စည်းများပေးအပ်ရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

ယင်းစာတမ်းများအနက် Dr. Horio ၏စာတမ်းမှာ Vitrectomy ဟုခေါ်သော မျက်နှစ်(မျက်ကွင်းရည်ကြည်)ကို ဖြတ်တောက်ကုသမှုနှင့် ပတ်သက်၍ နောက်ဆုံးပေါ် မှန်ဘီလူးကို အသုံးပြုခြင်းအကြောင်း ဖြစ်ပေသည်။ ယခုအခါ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာမှာပင် ဆီးချိုရောဂါဖြစ်ပွားနှုန်းမှာ အရှိန်အဟုန်မြင့်မားနေသလို ဆီးချိုရောဂါကြောင့် မျက်စိအမြင်အာရုံခံလွှာ ပျက်စီးယိုယွင်းသူများ များပြားလှသည်ကို တွေ့နေရပေသည်။ ပြင်းထန်သည့် ဆီးချိုရောဂါကြောင့် မျက်စိနောက်ခန်း၊ မျက်နှစ် သွေးကြောပေါက်ခြင်း၊ မြင်လွှာကွာခြင်းတို့ ဖြစ်လာပြီဆိုလျှင် အမြင်အာရုံကို ပြင်းထန်စွာ ထိခိုက်စေသည့်အတွက် ကုသမှုပေးရတော့မည်ဖြစ်သည်။ ဆီးချိုရောဂါကြောင့် မျက်စိတွင်အမြင်အာရုံခံလွှာထိခိုက်မှုဖြစ်လာလျှင် လေဆာရောင်ခြည်ဖြင့် ကုသမှုပေးနိုင်ရန်လည်းကောင်း၊ လေဆာရောင်ခြည်ဖြင့် မကုသမီ မြင်လွှာကို ရှင်းလင်းစွာ မြင်တွေ့နိုင်ရန် အဆိုပါ Vitrectomy ဟုခေါ်သောကုသမှုကို မဖြစ်မနေ ပေးရမည်ဖြစ်ရာ Dr. Horio ၏ စာတမ်းသည် မျက်စိ ဆရာဝန်များအတွက် များစွာအကျိုးရှိလှပေတော့သည်။

ဤသို့ဖြင့် နိုဝင်ဘာလ ၅ ရက် ညနေ ၆ နာရီခွဲ အချိန်တွင်ကား အခမ်းအနားအောင်မြင်စွာ ပြီးစီးခဲ့ရသလို ကျွန်မတို့၏ အလင်းအလှူပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲနိုင်ခဲ့ပြီ ဖြစ်ပေသည်။

"အလင်း" ဆိုသည့် စကားလုံးလေးကို ထပ်တလဲလဲ ပုံဖော်ခံစားနေမိပြန်သည်။ လင်းလက်ဝေဖြာနေသော အလင်းလှိုင်းများအောက်ဝယ် စက္ခုအလင်းတို့ကို ဖော်ဆောင်ဖန်ဆင်းပေးသူ ဂျပန်-မြန်မာ မျက်စိဆရာဝန်များ၊ ထိုအလင်းအလှူပွဲကြီး ဖြစ်မြောက် အောင်မြင်စေဖို့ အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြသူများကို အလင်းစေတမန်များအဖြစ် မြင်ယောင်လာမိသည်။

သဘာဝတရားကြီး၏ အပြစ်ကင်းသည့်အလင်းဓာတ်အောက်ဝယ် အလင်းပေးသူနှင့် အလင်းရခဲ့သူများ၏ အောင်ပွဲကတော့ ဘဝင်္ဂသို့ညံ့အောင် ခြိမ့်ခြိမ့်သဲသဲအောင်မြင်ခဲ့ပြီဖြစ်ရာ နောက်နောင်များတွင်လည်း ဂျပန်-မြန်မာ ချစ်ကြည်ရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်းဆုမွန်ကောင်းတောင်းရင်းဖြင့် ပြည်သူလူထု၏ မျက်စိကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် အစဉ်အမြဲပါဝင်ဆောင်ရွက်သွားပါမည်ဟု သန္နိဋ္ဌာန်ပြုလိုက်ရပေတော့သည်။ ။

တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံတွင် ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများ ခွဲစိတ်ရန် စောင့်ဆိုင်းနေသူများအား စစ်ဆေးကြည့်ရှုကြစဉ်။

ဗီယက်နမ် ဟနွိုင်းမြို့ရှိ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အေပက်)အစည်းအဝေးကျင်းပမည့် နေရာတွင် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည်ကို နိုဝင်ဘာ ၁၆ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆွဲပိုက်များအသုံးပြုကာ ငါးဖမ်းဆီးမှုကြောင့် ပင်လယ်ရေအောက် မီးတောင်များပျက်စီးစေနိုင်

လန်ဒန် နိုဝင်ဘာ ၁၆

ပင်လယ်ရေအောက်တွင် ဆွဲပိုက်ဖြင့် ငါးဖမ်းဆီးမှုကြောင့် ရေအောက်မီးတောင်များ ပျက်စီးစေပြီး ဂေဟစနစ် ပျက်သုဉ်းနိုင်ကြောင်း သိပ္ပံပညာရှင်များက ဗုဒ္ဓဟူးနေ့တွင် သတိပေးလိုက်သည်။

ပင်လယ်ရေအောက် မီးတောင်များတွင် သန္တာကျောက်တန်းများရှိနေပြီး အဏ္ဏဝါသတ္တဝါမျိုးစိတ်ပေါင်း ထောင်ပေါင်းများစွာတို့ ခိုအောင်းနေထိုင်ရာ ဖြစ်သည်။

ပင်လယ်ငါးဖမ်း သင်္ဘောများသည် ငါးကြီးဆီထုတ်ယူနိုင်သော ပင်လယ်ငါးကြီးများကို အလွန်အကျွံ ဖမ်းဆီးကာ ပင်လယ်ရေနက်ပိုင်းနေ ငါးများအထိ ဆွဲပိုက်များအသုံးပြုကာ ဖမ်းဆီးနေသဖြင့် ပစိဖိတ်၊ အတ္တလန္တိတ်နှင့် အိန္ဒိယသမုဒ္ဒရာနေ ဇီဝမျိုးကွဲများအတွက် ဘေးအန္တရာယ် သက်ရောက်စေသည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။

ယင်းကိစ္စအတွက် အရေးတကြီး လုပ်ဆောင်ရန် လိုအပ်နေကြောင်း၊ ပထမဆုံးအနေဖြင့် ငါးဖမ်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြီး ဒုတိယအနေဖြင့် ပင်လယ်ကြမ်းပြင်တွင် ဆွဲပိုက်ဖြင့် ငါးဖမ်းခြင်းမပြုရန် လိုအပ်ကြောင်း အစီရင်ခံစာပြုစုသူ လန်ဒန်သတ္တဗေဒအသင်းမှ ဒေါက်တာ အလက်စ်ရော်ဂျာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဆေးရည်အသုံးပြုရန် ဒဗလျူအိပ်ချ်အို တိုက်တွန်း

ဂျီနီဗာ နိုဝင်ဘာ ၁၆

ဆေးရုံများတွင် တာဝန်ထမ်းဆောင်ကြသော ကျန်းမာရေးဝန်ထမ်းများသည် အယ်လ်ကိုဟော အခြေခံသည့် လက်ဆေးရည်ကို အသုံးပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က မကြာသေးမီက ပြောကြားသည်။

လူနာနှင့် ထိတွေ့ပြီးတိုင်း လက်ကို ဆေးကြောနိုင်ခြင်းမရှိသဖြင့် ဆရာဝန်များနှင့် သူနာပြုများ ရောဂါကူးစက်ခံနေကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ယင်းသို့ကူးစက်ရောဂါခံရသူများအနက် ၁၀ ရာခိုင်နှုန်းကျော်မှာ ဆေးရုံတွင်ပင် သေဆုံးသွားကြောင်း ဒဗလျူအိပ်ချ်အိုမှ ကျန်းမာရေးလုပ်ရှားမှု အဖွဲ့ခေါင်းဆောင် ဒီဒါပီတက်က ပြောကြားသည်။

ပိုမိုလွယ်ကူ

အယ်လ်ကိုဟောစပ်ထားသော ပျော်ရည်ဖြင့်လက်ကို ပွတ်တိုက်ဆေးကြောခြင်းသည် ဆေးရည်တွင်မကြာခဏစိမ်ပြီး ဆေးကြောခြင်းထက် ပိုမိုလွယ်ကူကြောင်း ၎င်းက ပြောကြားသည်။

ကျန်းမာရေးဆောင်ရွက်မှုပြုလုပ်စဉ်အတွင်း ရောဂါကူးစက်ခံရမှု မရှိစေရေးအတွက် ဆောင်ရွက်ရမည့် အစီအစဉ်တစ်ရပ်ကို ဒဗလျူအိပ်ချ်အိုက ရေးဆွဲခဲ့ပြီး ယင်းအစီအစဉ်အတိုင်း ဆောင်ရွက်ရန် ၃၅ နိုင်ငံက သဘောတူညီခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

သားဆက်ခြားရေးစီမံကိန်းများ အင်ဒိုနီးရှားတွင် ဆောင်ရွက်မည်

ဂျကာတာ နိုဝင်ဘာ ၁၆

အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေသည် နှစ်စဉ် ၁ဒသမ၃ရာခိုင်နှုန်းဖြင့် တိုးတက်လျက်ရှိရာ သားဆက်ခြားရေးစီမံကိန်းများ ဖော်ဆောင်ခြင်းဖြင့် လူဦးရေလျော့နည်းရန် အမြန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်းယိုဒိုယိုနိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် နှစ်စဉ် ၁ဒသမ၃ ရာခိုင်နှုန်းရှိကြောင်း လူဦးရေတိုးတက်မှုနှုန်း၊ စားနပ်ရိက္ခာရှိမှုနှုန်း၊ ပညာရေးသင်ကြားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလုပ်အကိုင်ကဏ္ဍတို့တွင် ပြဿနာများဖြစ်စေနိုင်ကြောင်း ဆူဆီလိုက အမျိုးသားအောက်လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြောကြားသည်။

မိမိတို့အနေဖြင့် လူဦးရေထိန်းချုပ်နိုင်ရန်အတွက် သားဆက်ခြားရေးစီမံကိန်းများချမှတ်ပြီး အမျိုးသား သားဆက်ခြားရေးအဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအနေဖြင့် ပြည်သူများအား သားဆက်ခြားရေးစီမံကိန်းများတွင် ပါဝင်စေရန် အားပေးရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ယူရေနီယံသတ္တု သန့်စင်မှုသဲလွန်စ အီရန်၌ တွေ့ရှိ

ဗီယင်နာ နိုဝင်ဘာ ၁၆

လက်နက်ထုတ်လုပ်နိုင်သည့် အဆင့်ရှိ ပလူတိုနီယံနှင့် သန့်စင်ထားသော ယူရေနီယံသတ္တုနှင့် စပ်လျဉ်းသည့် သဲလွန်စအသစ်များကို အီရန်နိုင်ငံတွင် ရှာဖွေတွေ့ရှိကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) က အင်္ဂါနေ့က ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

သန့်စင်ပြီးယူရေနီယံနှင့် ပလူတိုနီယံသတ္တုပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းချက်ထုတ်ပြန်ပေးရန်နှင့် အင်္ဂါနေ့တွင် အကြောင်းပြန်ရန် အီရန်အား ပန်ကြားထားကြောင်း အစီရင်ခံစာအရ သိရှိရသည်။

အီရန်၏ နျူကလီးယားအစီအစဉ်သည် မကြာမီပြီးစီးတော့မည်ဖြစ်ပြီး အီရန်သည် နျူကလီးယားပိုင်ဆိုင်သည့် နိုင်ငံအဖြစ် တည်ရှိနေမည်ဟု အီရန်သမ္မတ အာမက်နီဂျက်က အင်္ဂါနေ့က ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ ရည်ရွယ်ချက်မှာ နျူကလီးယားလောင်စာ ထုတ်လုပ်ရန်သာဖြစ်သည်ဟု ၎င်းက ကြေညာခဲ့သည်။

သမ္မတ အာမက်နီဂျက်၏ ထုတ်ဖော်ပြောကြားချက်နှင့် အိုင်အေအီးအေ၏ တွေ့ရှိချက်များအရ လုံခြုံရေးကောင်စီက အီရန်နိုင်ငံကို အရေးယူရန် လိုအပ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး ဂျွန်ဘော်လ်တန်က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ပန်ဒါဝက်ဝံ မစင်မှ စက္ကူထုတ်လုပ်

ဗန်ကောက် နိုဝင်ဘာ ၁၆

ထိုင်းနိုင်ငံ တိရစ္ဆာန်ရုံရှိ ပန်ဒါဝက်ဝံနှစ်ကောင်၏မစင်ကို အသုံးပြု၍ စက္ကူထုတ်လုပ်ကာ အမှတ်တရပစ္စည်းများ ပြုလုပ်နိုင်မည့် နည်းလမ်းကို ရှာဖွေတွေ့ရှိထားကြောင်း ထိုင်းနိုင်ငံ ဝက်ဝံစီမံကိန်းမန်နေဂျာက အင်္ဂါနေ့တွင် ပြောကြားသည်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ တိရစ္ဆာန်ရုံ ပိုးစာပင်များမှ စက္ကူပြုလုပ်သော သမားရိုးကျ နည်းလမ်းတစ်ရပ်ကို အခြေခံကာ ပန်ဒါဝက်ဝံများမှ စွန့်ပစ်သော မစင်ဝါးပျော့ဖတ်ဖြင့် စက္ကူထုတ်လုပ်နိုင်ရန် တီထွင်ခဲ့သည်ဟု ဆာရီဆက်က ပြောကြားသည်။

အဆိုပါ ဝက်ဝံများကို ဝါးများ နုပ်နုပ်စဉ်း၍ ကျွေးမွေးရပြီး တစ်နေ့လျှင် မစင် ၂၃ ကီလို(ပေါင် ၅၀) ရရှိကာ ပျော့ဖတ်အဖြစ် အသုံးပြုနိုင်သည်ဟု ၎င်းက ပြောကြားသည်။

မည်သည့်ပျော့ဖတ်ဖြင့်မဆို စက္ကူထုတ်လုပ်နိုင်သည်ကို မိမိတို့သိပြီးဖြစ်ကြောင်း၊ ပိုးစာပင်များမှ စက္ကူလုပ်သည့် နည်းစနစ်ကို အခြေခံကာ ပန်ဒါဝက်ဝံတို့ စွန့်ထုတ်သည့် ဝါးပျော့ဖတ်မစင်မှ စက္ကူထုတ်လုပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပန်ဒါဝက်ဝံမစင် ပျော့ဖတ်ဖြင့် ပြုလုပ်သည့် ယပ်တောင်များ၊ နှုတ်ခွန်းဆက်ကတ်ပြားများ၊ သော့ချိတ်များ၊ စာမျက်နှာမှတ်သားပေးသည့် ကတ်ပြားများကို ရောင်းချခြင်းဖြင့် တိရစ္ဆာန်ရုံက တစ်နှစ်လျှင် ဘတ်၃၀၀၀၀၀ (ဒေါ်လာ ၈၂၀၀) ရရှိခဲ့သည်ဟု ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



နိုဝင်ဘာ ၁၅ ရက်က (၁၅)ကြိမ်မြောက် အာရှအားကစားပွဲတော် အထိမ်းအမှတ် မီးရှူးတိုင်သယ်ဆောင်သည့် အခမ်းအနားကို အိုမန်နိုင်ငံ ဟက်တာမြို့၌ ကျင်းပစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်တွင် တိုက်တေနီယမ်သတ္တု လုယက်မှုဖြစ်ပွား

ပါရီ နိုဝင်ဘာ ၁၆

ပြင်သစ်နိုင်ငံရှိ တိုက်တေနီယမ်သတ္တုများထားရှိရာ ဂိုဒေါင်တစ်ခုမှ မန်နေဂျာအား သေနတ်ကိုင်လူဆိုးများက ခြိမ်းခြောက်ပြီး တိုက်တေနီယမ်သတ္တုတန် ၃၀ ကို ထရပ်ကားတစ်စီးဖြင့်တင်ကာ လုယက်ထွက်ပြေးသွားကြကြောင်း၊ ဘီအက်ဖ်အိုင်ရုပ်သံသတင်းဌာနက နိုဝင်ဘာ ၁၁ ရက် သတင်းတွင်ထုတ်လွှင့်သည်။

အလုခံရသော တိုက်တေနီယမ်များသည် ခန့်မှန်းခြေအားဖြင့် ယူရိုငွေ ၁ဒသမ ၅သန်း တန်ကြေးရှိကြောင်း သိရသည်။ ကမ္ဘာ့ဈေးကွက်တွင် ကြေးနီ၊ အလူမီနီယံ၊ သွပ်၊ နီကယ် စသည့် သတ္တုများ ဈေးကောင်းလှသဖြင့် ယခုကဲ့သို့ သတ္တုများကို ဓားပြတိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ရောင်းချရဖွယ်

ဓားပြများသည် သတ္တုများကို သတ္တုလက်ခံသော ဂိုဏ်းများလက်သို့ အထည်ပျက်ဈေးနှင့် ရောင်းချရဖွယ်ရာရှိကြောင်း သတင်းက ဖော်ပြသည်။

လေယာဉ်တည်ဆောက်ရေးလုပ်ငန်းများက အဝယ်လိုက်သဖြင့် ယခုနှစ်စောစောပိုင်းက တိုက်တေနီယမ်သတ္တုဈေး ခုန်တက်သွားခဲ့သည်။ ယင်းသတ္တုသည် ပေါ့ပါးပြီး တောင့်တင်းခိုင်မာမှုရှိကာ သတ္တုချေးမတက်နိုင်သဖြင့် လေယာဉ်အင်ဂျင်နီယာပညာလုပ်ငန်းများနှင့် အဏုမြူစက်မှုလုပ်ငန်းများတွင် အသုံးတွင်လျက်ရှိသည်။

အပိုင်စီး

ယခုနှစ် ဧပြီ ၁၅ ရက်ကလည်း ပြင်သစ်နိုင်ငံ ရိမ်းဒေသရှိ စွန့်ပစ်ကြေးနီသတ္တု ပြန်လည်အသုံးချရေးစက်ရုံမှ ကြေးနီသတ္တုတန် ၄၀ကို ဓားပြ ၁၅ဦးက လုယက်သွားခဲ့သည်။ အလားတူ ပြင်သစ်နိုင်ငံမြောက်ပိုင်းလီဟာဗေးဒေသတွင် နီကယ်တန် ၅၀ တင်လာသော ထရပ် ကားတစ်စီးကို လူဆိုးများက လမ်းခရီးမှ ဖြတ်၍ အပိုင်စီးသွားကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့၌ မီးခိုးမြူများ လွှမ်းခြုံနေသည်ကို နိုဝင်ဘာ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဝေလငါး ဖမ်းဆီးရန်အတွက် ဂျပန်နိုင်ငံ ရှီမိုနိုဆကီ ပင်လယ်ဆိပ်ကမ်းမှ ထွက်ခွာသွားသော နစ်ရှင်မာရူးအမည်ရှိ သင်္ဘောကြီးကို နိုဝင်ဘာ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မနီလာလေဆိပ်တွင် မိကျောင်းပေါက်သုံးကောင်ဖမ်းဆီးရမိ

မနီလာ နိုဝင်ဘာ ၁၆

စင်ကာပူနိုင်ငံမှ ရောက်ရှိလာသော ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးထံမှ မိကျောင်းပေါက်သုံးကောင်ကို ဖိလစ်ပိုင်အကောက်ခွန်ဌာနက နိုဝင်ဘာ ၁၄ ရက် နံနက်တွင် ဖမ်းဆီးလိုက်သည်။ စင်ကာပူလေကြောင်းခရီးစဉ်အမှတ်အက်စ်ကျူ–၇၆ လေယာဉ်ဖြင့် မြို့တော်မနီလာသို့ဆိုက်ရောက်လာသော ခရီးသည်အင်ရီကွိကာစတီလိုသည်မိကျောင်းပေါက်သုံးကောင်ကို သယ်ဆောင်လာခဲ့ကြောင်း၊ မိကျောင်း ပေါက်သုံးကောင်ကို အကွီနို နိုင်ငံတကာလေဆိပ်ရှိ အကောက်ခွန်ဌာနက သိမ်းဆည်းရမိကြောင်း ဒေသဆိုင်ရာ အသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။ ကာစတီလိုကို မျိုးသုဉ်းနိုင်သော တိရစ္ဆာန်များ ကုန်သွယ်မှု တိုက်ဖျက်ရေးဥပဒေကို ချိုးဖောက်မှုဖြင့် တရားစွဲဆိုခံရဖွယ်ရှိသည်။ ၎င်းက နေအိမ်တွင် မွေးမြူရန်အတွက် ယူဆောင်လာခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လေယာဉ်ပေါ်တွင်အထိတ်တလန့်ဖြစ်စေမှု ဩစတြေးလျနိုင်ငံသား ဒဏ်ငွေရိုက်ခံရ

စင်ကာပူ နိုဝင်ဘာ ၁၆

အသက် ၆၅နှစ်အရွယ်ရှိ ဩစတြေးလျနိုင်ငံသား အမျိုးသားတစ်ဦးသည် အင်ဒိုနီးရှား မြို့ကြီးတစ်မြို့သို့ ပျံသန်းသည့် လေယာဉ်ခရီးစဉ်အတွင်း ခရီးသည်များ အထိတ်တလန့်ဖြစ်အောင် ပြောဆိုမှုဖြင့် စင်ကာပူရုံးတော်က စင်ကာပူဒေါ်လာ ၁၀၀၀၀ (အမေရိကန်ဒေါ်လာ ၆၄၂၃) ဒဏ်ငွေတပ်ခဲ့ကြောင်း သည်စထရိတ်တိုင်းမ် သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားသည်။

ဒဏ်ငွေရိုက်ခံရသူမှာ ရီကာဒိုပေါ်လင်ဆိုသူဖြစ်ပြီး အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သည်။ ၎င်းသည် စင်ကာပူ ဆစ်အဲယားလေကြောင်းဌာနပိုင်ခရီးသည်တင်လေယဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာယာမြို့သို့ လိုက်ပါခဲ့ပြီး လေယာဉ်ဝန်ထမ်းတစ်ဦးအားမည်သည့်နေရာတွင်ဗုံး သိမ်းဆည်းထားသနည်းဟုနောက်ပြောင်သည့်အနေဖြင့် မေးမြန်းခဲ့ကြောင်း သတင်းစာက ဆက်လက်ရေးသားသည်။

ပေါ်လင်ကို ကုလသမဂ္ဂအကြမ်းဖက်မှုတိုက်ဖျက်ရေး စည်းမျဉ်းအရ အရေးယူခဲ့သည်။ ဥပဒေအရ ၎င်းအားဒဏ်ငွေ စင်ကာပူ ဒေါ်လာ ၁၀၀၀၀၀ အထိသို့တည်းမဟုတ် ထောင်ဒဏ်ငါးနှစ်နှင့် ဒဏ်ငွေနှစ်ရပ်စလုံး အပြစ်ဒဏ်ပေးနိုင်သည်ဟု သိရသည်။ ၎င်းက ရုံးတော်တွင် ၎င်း၏ ပြစ်မှုအတွက် တောင်းပန်ဝန်ချခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်ဘာသာစကားလေ့လာလိုသူများအတွက် မဂ္ဂဇင်းထုတ်ဝေ

ပေကျင်း နိုဝင်ဘာ ၁၆

ပင်လယ်ရပ်ခြား နိုင်ငံများရှိ တရုတ်ဘာသာစကား လေ့လာလိုက်စားသူများ ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ဘာသာစကားနှစ်မျိုးဖြင့် ရေးသားထားသည့် (The World of Chinese)အမည်ရှိ မဂ္ဂဇင်းကို ပေကျင်းတွင် နိုဝင်ဘာ ၁၂ ရက်က စတင် ဖြန့်ချိလိုက်သည်။

ပင်လယ်ရပ်ခြား နိုင်ငံများတွင် တရုတ်ဘာသာစကား လေ့လာလိုက်စားသူများ ပြားလာစေရန်တရုတ်ဘာသာစကားသင်ကြားမှု မြှင့်တင်ရေးဗဟိုဌာနနှင့် ကူးသန်းရောင်းဝယ်ရေး ပုံနှိပ်လုပ်ငန်းတို့က ယင်းမဂ္ဂဇင်းကို ပူးတွဲထုတ်ဝေခြင်းဖြစ်ကြောင်း၊ ယင်းမဂ္ဂဇင်းကို တရုတ်–အင်္ဂလိပ် နှစ်ဘာသာဖြင့် လစဉ်ထုတ်ဝေမည်ဖြစ်ပြီး အဓိကအားဖြင့် ပြည်ပနိုင်ငံများတွင် ဖြန့်ချိမည်ဖြစ်ကြောင်း ပေကျင်းနော်မယ်တက္ကသိုလ်၏ ပါမောက္ခနှင့် ထိုမဂ္ဂဇင်း၏ စာတည်းမှူးချုပ် ကျူစောင်ကျင်းက ပြောကြားသည်။

ကမ္ဘာတွင်ခက်ခဲသည့် ဘာသာစကား တစ်ခုဖြစ်သော တရုတ်ဘာသာစကားကို လေ့လာရာတွင် နိုင်ငံခြားသားများ တွေ့ကြုံနေရသည့် အခက်အခဲများကို ယင်းမဂ္ဂဇင်းက ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်ယဉ်ကျေးမှုနှင့် တရုတ်ဘာသာစကားကို နိုင်ငံခြားသားများ လေ့လာတတ်မြောက်စေရန်အတွက် ထိုစာအုပ်က ပေါင်းကူးပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံ စီးပွားရေး အလျင်အမြန်တိုးတက်မှု၊ တရုတ်နှင့်ကမ္ဘာ့နိုင်ငံများအကြားဆက်ဆံရေးတိုးတက်လာမှုနှင့်အတူ ကမ္ဘာတစ်ဝန်း တရုတ်ဘာသာစကား လေ့လာသင်ယူမှုသည် ကျယ်ပြန့်လာကြောင်း၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လန်ဒန်မြို့ လမ်းပေါ်လုယက်သူများ ထောင်ဒဏ် ၄၅ နှစ်အပြစ်ပေးခံရ

လန်ဒန် နိုဝင်ဘာ ၁၆

ဗြိတိန်နိုင်ငံတွင် သေနတ်ကိုင် ဓားပြဂိုဏ်းတစ်ဂိုဏ်းမှ အဖွဲ့ဝင်သုံးဦးသည် လန်ဒန်မြို့တော် လမ်းမများပေါ်၌ အကြမ်းဖက်လုယက်မှုများ ကျူးလွန်မှုဖြင့် ထောင်ဒဏ် ၄၅ နှစ် ပြစ်ဒဏ်ပေးခြင်းခံရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းဓားပြဂိုဏ်းသည် လန်ဒန်မြို့တော်ရှိ လမ်းမများတွင် မကြာမီနှစ်များအတွင်း အကြမ်းဖက်လုယက်မှုများ မကြာခဏ ပြုလုပ်ခဲ့သည့်ဂိုဏ်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ဖော်ပြသည်။

ခြိမ်းခြောက်

၎င်းဂိုဏ်းက အဖိုးတန်ပစ္စည်းများနှင့် ဘဏ်စာရင်းကတ်ပြားများကို ခိုးယူခြင်းမပြုမီ လူစိမ်းများကို ပြန်ပေးဆွဲလေ့ရှိသည်။ ပြန်လုန်ခုခံသူများကို ၎င်းဂိုဏ်းများက သေနတ်နှင့် မောင်းပြန်ဓားများအသုံးပြုကာ ခြိမ်းခြောက်ပြီးရန်မူလေ့ရှိသည်။

လန်ဒန်မြောက်ပိုင်းရှိ ဝုဒ်ဂရင်ကရောင်ကုတ်ကုမ္ပဏီကို ဓားပြ တိုက်ရန် ကြံစည်မှုတွင် ပါဝင်သည်ဟု ၎င်းတို့က ဝန်ခံပြောကြားခဲ့ပြီး ထောင်ဒဏ် ၄၅နှစ် အပြစ်ပေးခံခဲ့ရခြင်းဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပြုလုပ်သည့်၂၀၀၇ ခုနှစ်အတွက် သုံးရာသီ ဖက်ရှင်ပြပွဲတွင် သတို့သမီးဝတ်စုံ ဖက်ရှင်ဆန်းနှင့် လှပျိုဖြူတစ်ဦးကို နိုဝင်ဘာ ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကူရိုင်းကျွန်းစုတွင် ငလျင်လှုပ် ဆူနာမီရေလှိုင်းသတိပေး

တိုကျို နိုဝင်ဘာ ၁၆

ဂျပန်နိုင်ငံ ကူရိုင်းကျွန်းစုတွင် ဗုဒ္ဓဟူးနေ့က ရစ်ချ်တာစကေး အင်အား ၈ဒသမ ၁ ရှိ မြေငလျင်လှုပ်သွားရာ ဟိုကိုင်းဒိုးကျွန်းတွင် ဆူနာမီရေလှိုင်း သတိပေးချက် ထုတ်ပြန်ခဲ့ရကြောင်း အင်အိပ်ချ်ကေ ရုပ်မြင်သံကြားဌာန သတင်းက ဖော်ပြသည်။

ဆူနာမီရေလှိုင်းများ ဒေသစံတော်ချိန် ည ၉နာရီတွင် ရောက်ရှိလာနိုင်ဖွယ်ရှိပြီး ဟိုကိုင်းဒိုးကျွန်းတွင် တစ်မီတာမှနှစ်မီတာအထိ မြင့်မားသော ရေလှိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားသည်။ တိုကျိုမြို့၏အနောက်မြောက် ကီလိုမီတာ ၁၇၀၀ အကွာနေရာကို ဗဟိုပြု၍ ငလျင်လှုပ်ခဲ့သည်။

ကူရိုင်းကျွန်းစုသည် ချီရှိမာကျွန်းစုဟု လူသိများပြီး ဂျပန်နိုင်ငံမြောက်ပိုင်း နယ်မြေများတွင်ပါဝင်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်၌ နှစ်ရက်အတွင်း ကန်တပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၆

အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကြာသပတေးနေ့က လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း၊ အီရတ်နိုင်ငံတွင် နှစ်ရက်တာ ကာလအတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၁၀ဦးအထိရှိကြောင်း အမေရိကန် စစ်ဘက်က ယနေ့ ပြောကြားသည်။

အမေရိကန် စစ်ကားတစ်စီးအနီးတွင် ဗုံးပေါက်ကွဲခဲ့ပြီး သေဆုံးသူတပ်ဖွဲ့ဝင်နှစ်ဦးမှာ အမှတ်(၃) တိုက်ခိုက်ရေးတပ်မတွင် တာဝန်ကျနေသူများဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်တွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဗုံးဖောက်ခွဲကာ တိုက်ခိုက်ခြင်း ဖြစ်ကြောင်း၊ အဆိုပါ ပြည်နယ်တွင် ဗုဒ္ဓဟူးနေ့က လည်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရကြောင်းအမေရိကန်စစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။



လန်ဒန် ငါးဈေးကွက်တွင် ရောင်းချနေသည့် ငါးကြီးများကို နိုဝင်ဘာ ၁၆ ရက်က တွေ့မြင်ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပါကစ္စတန်တွင် တုပ်ကွေးရောဂါဖြစ်ပွား

အစ္စလမ္မာဘတ် နိုဝင်ဘာ ၁၆

ပါကစ္စတန်နိုင်ငံ တစ်ဝန်းတွင် အောက်တိုဘာအစောပိုင်းမှစ၍သွေးလွန်တုပ်ကွေး ရောဂါဖြင့် သေဆုံးသူ ၄၀ ရှိကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၅၂၇ဦး ရှိကြောင်း ပါကစ္စတန် ကျန်းမာရေးဌာနက နိုဝင်ဘာ ၁၂ရက်တွင် ထုတ်ပြန်ကြေညာသည်။

ပါကစ္စတန်နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် နိုဝင်ဘာ ၁၂ ရက် ညနေပိုင်းအထိသွေးလွန်တုပ်ကွေးရောဂါလက္ခဏာ တွေ့ရသူ ၄၁၇၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ပါကစ္စတန်အေပီပီသတင်းဌာနက ဖော်ပြသည်။

သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၄၀အနက် ၃၈ဦးမှာ ဆင်းဒ်ပြည်နယ် တောင်ပိုင်းမှဖြစ်ပြီး ကျန်နှစ်ဦးမှာ နယ်ခြားပြည်နယ် အနောက်မြောက်ပိုင်းမှဖြစ်ကြောင်း အေပီပီက ရေးသားဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကတာဝန်အပြင် နိုင်ငံတော်လုံခြုံရေးကိုပါ တပ်မတော်နှင့်လက်တွဲထမ်းဆောင် ပြည်သူလူထုအေးချမ်းစွာ ဝမ်းစာရှာဖွေနိုင်ရေးအတွက် ပြည်သူကို ဥပဒေနှင့်အညီ အလုပ်အကျွေးပြု

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင် ကျောင်းတော်ကြီးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ လမ်း-၉၀နေ ဒေါ်ကြင်မွှေး (မွှေးသရက်သီးသနပ်) မိသားစုက အလှူတော်ငွေ ကျပ်၁၀၀၀၀၀ လှူဒါန်းရာ အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)က ဂုဏ်ပြုလွှာမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၅၇/၂၀၀၅)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၅၇/၂၀၀၅) ဆင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

သင်တန်းဆင်းပွဲသို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်းမြင့်၊ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်သိန်းတင့်၊ စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်၊ မန္တလေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

စစ်ရေးပြ အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးကဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူ၍ တပ်ခွဲများကိုစစ်ဆေးပြီး ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဝန်ကြီးက အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း အောင်မင်းနိုင်၊ ဥပဒေထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းဌေးလှိုင်၊ စစ်ပညာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အောင်နိုင်ဦး၊ သေနတ်ပစ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းသူရဌေး၊အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ရာဇာမြင့်မြိမ်းနှင့် ကွန်ပျူတာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ရန်နောင်စိုးတို့အား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ခေါင်းဆောင်ငယ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်၍ ခန့်အပ်ခံရသည့် ခေါင်းဆောင်ငယ်အဖြစ်မှ စစ်မှန်သော ခေါင်းဆောင်ဖြစ်လာရန် ကိုယ်ပိုင်အရည်အချင်း ထိုးထွင်းဉာဏ်ဖြင့်တီထွင် ပေါင်းစပ်လုပ်ကိုင်သွားကြရန်၊ အဖွဲ့အစည်းတစ်ခုကို ဦးဆောင်ထိန်းချုပ်နိုင်ရန် ခေါင်းဆောင်စိတ်ဓာတ်၊ ခေါင်းဆောင်အရည်အသွေးဖြင့်သာ ဆောင်ရွက်ရမည်ကို သတိချပ်ပြီး ပြုမူနေထိုင်သွားကြရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိက ရည်မှန်းချက်တာဝန်အပြင် နိုင်ငံတော် လုံခြုံရေးကိုပါ တပ်မတော်နှင့် လက်တွဲပြီးထမ်းဆောင်သွားကြရန်၊ အမိနိုင်ငံတော်နှင့် လူမျိုးကို ချစ်မြတ်နိုးသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အမြဲရှင်သန်အောင်အစဉ် မွေးမြူ၍ဒို့တာဝန်အရေးသုံးပါးကို မမိုတ်မသုန်သော ယုံကြည်ချက်ဖြင့် လေးလေးနက်နက် ခံယူပြီး ဦးထိပ်မှာပန်ဆင်ရန်၊ ပြည်သူလူထု အေးချမ်းစွာ ပရိယေသနဝမ်းစာရှာဖွေ နိုင်ရေးအတွက် ပြည်သူကို ဥပဒေနှင့် အညီ အလုပ်အကျွေးပြုရင်း ကာကွယ် စောင့်ရှောက်ရန်၊သတင်းနှင့် ဆက်သွယ် ရေးဆိုင်ရာ နည်းပညာရပ်များ တိုးတက်လျက်ရှိသည်နှင့်အမျှ ခေတ်၏တိုးတက်မှုကို အမီလိုက်ပြီး ကျော်လွှားနိုင်မည့် နည်းပညာအမြင်ရှိရန်၊ နိုင်ငံတော်၏ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ စနစ်တကျရှိခြင်း၊ စေတနာပါခြင်းစသည့် "စလေးလုံး"ဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြရန်၊ အထက်ဌာနက အမိန့်နှင့် ခန့်အပ်သည့် အရာရှိငယ်ဘဝမှ အောက်လက်ငယ်သား အသိုက်အဝန်းအားလုံးက လိုလားလက်ခံသည့် ခေါင်းဆောင်ငယ်များ ဖြစ်အောင် ဆက်လက်ဆည်းပူးလေ့ကျင့်သွားကြရန်၊ အဂတိတရားကင်းစင်ပြီး စာရိတ္တခြစားမှု လုံးဝမရှိကြရန်၊ လုပ်ပိုင်ခွင့်နှင့်တာဝန်ကို ဖြူစင်ဖြောင့်မတ်သော စိတ်စေတနာဖြင့် ထမ်းဆောင်ရင်း မိမိကိုယ်ကျိုးကို အလေးမထား၊ သစ္စာတရားကို အလေးထားပြီး နိုင်ငံ့တာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအဖြစ် တပ်ဖွဲ့ဂုဏ်ရောင်ထွန်းပြောင်အောင် ရပ်တည်ဆောင်ရွက်သွားကြရန်၊ ပြည်သူဘက်က ရပ်တည်သောရဲ၊ ပြည်သူကို ကူညီစောင့်ရှောက်အလုပ်အကျွေးပြုသောရဲ၊ ပြည်သူနှင့် တစ်သားတည်းဖြစ်သော ရဲတပ်ဖွဲ့ဝင်ကောင်းများ ဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက် တာဝန်များ အောင်မြင်စေရေးအတွက် ရောက်ရာဒေသ၊ကျရာအခန်းကဏ္ဍမှနေ၍လုပ်ငန်းတာဝန်များကို ကျေပွန်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရန်ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀၃ဦးတို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အင်းစိန်ဗဟိုအကျဉ်းထောင်မှ လွတ်လူများအား တွေ့ဆုံ၍ ဆုံးမစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၁၇

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းသည် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ယနေ့သောကြာနေ့နှင့် ရုံးပိတ်ရက် စနေ့နေ့၊ တနင်္ဂနွေနေ့ လွတ်လူ အမျိုးသား ၁၀၃ဦး၊ အမျိုးသမီး ၅၆ဦး စုစုပေါင်း လွတ်လူ ၁၅၉ ဦးတို့အား နံနက်ပိုင်းတွင် အောင်မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဆုံးမစကားပြောကြားရာတွင် အကျဉ်းဦးစီးဌာနသည် သက်ဆိုင်ရာ တရားရုံးတစ်ခုမှ အပြစ်ပေးသူများနှင့် ချုပ်ထားရန် ခွင့်ပြုသူများကိုသာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထိန်းသိမ်းထားရကြောင်း၊ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များတွင် လွတ်ရက်စေ့သူများကိုလည်း ရုံးဖွင့်ရက်၌ စော၍လွှတ်ရကြောင်း၊ ပြစ်ဒဏ်ကျခံနေစဉ်အတွင်း နိုင်ငံတော်က ခွင့်ပြုချက်အတိုင်း ပုံစံမလို အဝကျွေးကြောင်း၊ သောက်ရေသန့် အလုံအလောက်တိုက်ကြောင်း၊ရေအဝ ချိုးခွင့်ပြုကြောင်း၊ ကျန်းမာရေး ချို့တဲ့သူများအား အတွင်းဆေးရုံ၌ စောင့်ရှောက်ကုသပေးကြောင်း၊ ရေလောင်းအိမ်သာစနစ်ကျင့်သုံးကြောင်း၊ အကျဉ်းသားအချင်းချင်း စည်းကမ်းမဲ့အနိုင်ကျင့်မှု မဖြစ်စေရန် တားမြစ်ထားကြောင်းတို့ကို လွတ်လူကာယကံရှင်များ အသိဖြစ်ကြောင်း၊ ပြစ်ဒဏ်ကျခံနေစဉ် အတွင်း ဝန်ထမ်းများ(သို့) ပြစ်ဒဏ်ကျအချင်းချင်း မတရားအနိုင်ကျင့်မှုများ ရှိပါက ယခုပွင့်ပွင့်လင်းလင်းတင်ပြကြရန်နှင့် ထောင်သည် မိမိအိမ်ထက် မည်သည့်အခါမျှကောင်းမည် မဟုတ်သဖြင့် ပြင်ပတွင် ဥပဒေနှင့် အညီ နေထိုင်ကြရန် ပြောကြားသည်။

အဆိုပါ ဆုံးမစကားပြောကြားရာသို့ အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများ၊ လာရောက်တွေ့ဆုံကြသည့်လွတ်လူများ၏ မိဘများ၊ မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများတက်ရောက်ကြကြောင်းနှင့်လွတ်ရက်စေ့လွတ်လူများအား ရုံးဖွင့်ရက်တိုင်း နံနက် ၈နာရီတွင် အဆိုပါ ခန်းမ၌ တာဝန်ရှိသူများက တွေ့ဆုံ၍ ဆုံးမစကား ပြောကြားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းစိန် ဗဟိုအကျဉ်းထောင်မှ လွတ်လူများအား အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း ဆုံးမစကားပြောကြားစဉ်။ (အကျဉ်းဦးစီး)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၁-၂၀၀၆ (စနေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ ကြည်နူးကုသိုလ်ပြုကြမယ် သာသာနာ့ပုဂံမြေဝယ်
၇း၁၅ တေးဂီတအစီအစဉ်
၇း၂၀ တစ်ပတ်အတွင်း အားကစားသတင်း
၇း၃၅ တေးဂီတအစီအစဉ်
၇း၄၀ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ (ဒေါက်တာအေးကျော်)
၈း၀၅ တေးဂီတအစီအစဉ်
၈း၁၀ ပြည်တွင်းသတင်းအကျဉ်း
၈း၂၀ နိုင်ငံတကာအနုပညာရေးရာ
၈း၄၅ တေးဂီတအစီအစဉ်
၈း၅၀ စည်းကမ်းလိုက်နာဘေးကင်းကွာ
၈း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀ ထုပ်ပိုးအလှဆင် ပလတ်စတစ်ပက်ကင်
၉း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၅၀ သတ္တုတူးသောရွာကလေး
၁၀း၀၀ တေးဂီတအစီအစဉ်
၁၀း၀၅ မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၂၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် အပိုင်း(၁)
၁၀း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀ သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
၁၁း၀၀ Music Talk(ဝင်းဦးအပိုင်း-၂)
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၅နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၀၀	ပွဲကြိုသုံးသပ်ချက် (၁)	5-Sports
၆း၃၀	ပွဲကြိုသုံးသပ်ချက် (၂)	5-Sports(Live)
၇း၁၀	Man City-Fulham	5-Sports(Live)
၉း၂၅	Chelsea-West Ham	5-Sports(Live)
	Sheffield-Man Utd	5-Series(Live)
	Reading-Charlton	5-Cartoon(Live)
၁၁း၄၀	Middlebrough-Liverpool	5-Series(Live)
၁၂း၀၀	Arsenal-Newcastle	5-Sports(SDD)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ခေါင်းဆောင်သောအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် သတ္တုတွင်း လုပ်ငန်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ သတ္တုတွင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသော မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် သတ္တုတွင်းလုပ်ငန်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကြိုဆိုသူများနှင့် အတူ တွေ့ရစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနနှင့် Fritz Werner ကုမ္ပဏီတို့ ပူးပေါင်း၍ Presentation on Production of Biodiselနှင့် စပ်လျဉ်းသည့် ရှင်းလင်းပွဲအခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

စွမ်းအင်ဝန်ကြီးဌာနနှင့် ဖရစ်ဇ်ဝါနာကုမ္ပဏီတို့ ပူးပေါင်း၍ ဘိုင်အိုဒီဇယ်ထုတ်လုပ်မှုဆိုင်ရာ ရှင်းလင်းတင်ပြပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

စွမ်းအင်ဝန်ကြီးဌာနနှင့် Fritz Werner ကုမ္ပဏီတို့ ပူးပေါင်း၍ Presentation on Production of Biodisel နှင့် စပ်လျဉ်းသည့် ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန အဆောက်အအုံ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါရှင်းလင်းပွဲတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးက အမှာစကားကို လည်းကောင်း၊ Fritz Werner ကုမ္ပဏီ၏ Representative Mr. B. Bieger က နှုတ်ခွန်းဆက်စကားကို လည်းကောင်း အသီးသီး ပြောကြားကြပြီး ဂျာမနီနိုင်ငံ Hohenheim University မှ Prof. Klasus Becker က Production of Biodisel နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်သူများက မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် Prof. Klasus Becker က ယခုကဲ့သို့ Biodiselနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား ရှင်းလင်းပြောကြားခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးက နိဂုံးချုပ်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ပသို့ထွက်ခွာမည့်သူများအား D.Form ထုတ်ပေးခြင်းလုပ်ငန်းကို နေပြည်တော်မှ On Line D.Form စနစ်ဖြင့် စမ်းသပ်ဆောင်ရွက်ပေးမည်

နေပြည်တော် နိုဝင်ဘာ ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသည် ပြည်ပသို့ ထွက်ခွာမည့်သူများအား ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရုံး၌ D.Form ထုတ်ပေးခြင်း လုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိရာမှ ၂၀၀၆ခုနှစ် နိုဝင်ဘာ ၁၆ရက်မှ စတင်၍ နေပြည်တော်ရှိ ဝန်ကြီးရုံးသို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး On Line D.Form စနစ်ဖြင့် စမ်းသပ်ဆောင်ရွက်ပေးတော့မည်ဖြစ်သည်။ ထိုသို့စမ်းသပ်ဆောင်ရွက်နေစဉ်ကာလအတွင်း ပြည်သူများ အခက်အခဲမဖြစ်စေရန်အတွက် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရုံး၌ ပုံမှန်ဆောင်ရွက်ပေးနေကျအတိုင်း ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၁ရက်အထိ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိရုံး၌ ပုံမှန်ဆောင်ရွက်ပေးနေသည့် အစီအစဉ်ကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၁ရက် နောက်ပိုင်းတွင် ရပ်ဆိုင်းပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ နေပြည်တော်ရှိ ရုံးချုပ်မှသာ On Line D.Form စနစ်ဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးသွားတော့မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် ချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၃) ရန်ကုန်မြို့ရှိ စာရင်းအမှတ် SF-001723 သို့ ဝန်ဆောင်ခငွေကျပ် ၂၀၀ ပေးသွင်းပြီး ဝန်ကြီးဌာန(Website) www.mip. gov.mm ရှိ dform.mip. gov. mm တွင် ဖော်ပြပါရှိသည့် လျှောက်လွှာပုံစံ၌ ပြည့်စုံအောင်ဖြည့်စွက်၍ မည့်သည့် Internet Access မှမဆို ကာယကံရှင်၏ e-mail လိပ်စာ ထည့်သွင်းဖော်ပြ လျှောက်ထားကြရန်နှင့် ခွင့်ပြုချက်ကို ၂၄နာရီအတွင်း ကာယကံရှင်၏လိပ်စာသို့ ပြန်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဖော်ပြပါဝန်ကြီးဌာန (Website)www.mip.gov. mm ရှိ dform.mip.gov.mm တွင် ကြည့်ရှုနိုင်ကြောင်း အသိပေး ကြေညာထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသော၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်နီလာသော်တို့သည် ယမန်နေ့ နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သွားရောက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ သားဖွားခန်းကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံပြီး အသင်း၏ လုပ်ငန်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းရှိ သားသည်မိခင်တစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (မိခင်/ကလေး)

ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဆောင်ရွက်လျက်ရှိသော ခုခံကျကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် ကျန်းမာရေး ဝန်ကြီးဌာန၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု မိခင်မှ သန္ဓေသားသို့ ခုခံကျကူးစက်ရောဂါပိုး ကူးစက်ခြင်းမှ ကာကွယ်တားဆီးခြင်းလုပ်ငန်း စီမံချက် ဆောင်ရွက်ရန်အတွက် လိုအပ်ချက်များ မေးမြန်းဆွေးနွေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှု၍ သားဖွားမိခင်များကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ကုန်/သွင်းကုန် သင်တန်းပို့ချမည်

ရန်ကုန် နိုဝင်ဘာ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များ အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ပြည်ပပို့ကုန် တိုးချဲ့တင်ပို့ရေး၊ ဈေးကွက်သစ်များ တိုးချဲ့ရှာဖွေတင်ပို့ရေး၊ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့ရေး၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၏ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်အောင်မြင်စေရန် ရည်ရွယ်ချက်များဖြင့် ပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ်(၃၀)ကို ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်ရုံး)တွင် ဒီဇင်ဘာလ တတိယပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အရည်အချင်းသတ်မှတ်ချက်နှင့်ပြည့်မီသော သင်တန်းသားများ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(စီမံရေးနှင့်လေ့ကျင့်ရေးဌာန) ရန်ကုန်ရုံးခွဲတွင် စာရင်းပေးသွင်းနိုင်ပြီး သင်တန်းသားအရေအတွက် ကန့်သတ်ချက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

☆ ရှေ့ဖုံးမှ

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများအား စစ်ဆေးပြီးနောက် ယင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက် အလေးပြုခြင်းကို ခံယူသည်။

ယင်းသို့ တပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုစဉ် တပ်မတော်(လေ)မှ ဂျက်တိုက်လေယာဉ်များက အုပ်စုဖွဲ့၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းအား ဝေဟင်မှ အလေးပြုပျံသန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများကို တစ်ဦးချင်း အပ်နှင်းချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက အမှတ်စဉ်(၆၈) လေယာဉ်မောင်းသင်တန်းမှ စာပေထူးချွန်ဆုရ လေ(၃၁၁၈) ဗိုလ်ဇော်ထက်အားလည်းကောင်း၊ လေယာဉ်မောင်း ထူးချွန်ဆုရ လေ(၃၁၂၆) ဗိုလ်ညီညီအောင်အားလည်းကောင်း စံပြလေသူရဲဆုရ လေ(၃၁၃၇) ဗိုလ်အောင်သီဟအားလည်းကောင်း ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အမှာစကားပြောကြားရာတွင် ယနေ့သည် အမှတ်စဉ်(၆၈) လေယာဉ်မောင်းသင်တန်းကျောင်းဆင်းပွဲနေ့ဖြစ်ကြောင်း၊ အခြေခံနှင့် တန်းမြင့်လေယာဉ်မောင်းသင်တန်းများကို တက်ရောက်အောင်မြင်ခဲ့ကြ၍ ရဲဘော်တို့အတွက် ဂုဏ်ယူဝမ်းမြောက်ရမည့်နေ့ဖြစ်သကဲ့သို့ တပ်မတော်(လေ)၏ ခွန်အားသစ်များ တိုးပွားလာသည့်နေ့တစ်နေ့လည်းဖြစ်ကြောင်း၊ ယင်းကဲ့သို့အချိန်အခါတွင် တပ်မတော်

ဂုဏ်ပြုတပ်ခွဲစစ်ဆေး

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများအား စစ်ဆေးစဉ်။ (သတင်းစဉ်)

ကိုယ်တိုင်လည်း ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ကြရမည်ဖြစ်သကဲ့သို့ မိမိတာဝန်ကျရာဒေသ၌ရှိသည့် သွေးချင်းသားချင်း တိုင်းရင်းသားများအကြားတွင် စစ်မှန်ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်တည်ဆောက်ပေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း အမှတ်စဉ်(၆၈) လေယာဉ်မောင်းသင်တန်းမှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်ဇော်ထက်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများကို တစ်ဦးချင်း အပ်နှင်းချီးမြှင့်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မှာကြားစရာရှိသည်များကို အလေးအနက် မှာကြားလိုကြောင်း။

တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်နေသည့်ယခုအချိန်တွင် နည်းပညာမြင့်မားပြီး ခေတ်မီသည့် လေယာဉ်၊ ရဟတ်ယာဉ်များကို ကျွမ်းကျင်စွာ မောင်းနှင်ပျံသန်းနိုင်သည့် လေသူရဲများ နှစ်စဉ် လေ့ကျင့်သင်ကြား မွေးထုတ်လျက်ရှိကြောင်း၊ အမိနိုင်ငံတော်၏ ဝေဟင်ထက်မှပျံသန်းရင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် တည်ဆောက်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် တပ်မတော်(လေ)အတွက် ရဲဘော်တို့သည် အားထားရမည့် အင်အားသစ်များပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ လေသူရဲတောင်ပံ အပ်နှင်းခြင်းခံရပြီး လေသူရဲတစ်ဦးဖြစ်လာသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြရမည်ဖြစ်သကဲ့သို့ လေသူရဲတစ်ဦး၏ ကြီးမားသည့်တာဝန်၊ လေသူရဲတစ်ဦး၏ ရှိရမည့် ကိုယ်ရည်ကိုယ်သွေးများကိုပါ ပြည့်စုံအောင် ကြိုးစားအားထုတ်နေထိုင် ဆောင်ရွက်သွားကြရန် အထူးအလေးပေး မှာကြားလိုကြောင်း၊ လေသူရဲတစ်ဦး၏ အရေးအကြီးဆုံး ထိန်းသိမ်းစောင့်ရှောက်အပ်သည့်ဂုဏ်သည် ပျံသန်းမှု အရည်အချင်းပင်ဖြစ်ကြောင်း၊ လေယာဉ်ပျံသန်းခြင်း အတတ်ပညာဆိုသည်မှာ ကောင်းကင်ယံ၏စိန်ခေါ်မှုများကို ရဲရဲရင့်ရင့် ရင်ဆိုင်ကျော်လွှားနိုင်ရန် စွန့်စွန့်စားစား ကြိုးပမ်းသင်ယူခဲ့ရသည့် အတတ်ပညာတစ်ခုဖြစ်ကြောင်းကို လက်တွေ့သိရှိခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပျံသန်းမှုအတတ်ပညာကို အသက်နှင့်ထပ်တူ မြတ်နိုးတန်ဖိုးထားတတ်ပြီး ရွှေတောင်ပံ၏ဂုဏ်သိက္ခာကို အမြဲစောင့်ရှောက်မြှင့်တင်နိုင်သည့် လေသူရဲကောင်းများအဖြစ် ထာဝစဉ်ရပ်တည်နိုင်ရေးကိုကြိုးစားသွားကြရန် အထူးမှာကြားလိုကြောင်း၊ လေသူရဲတစ်ဦး၏ ဂုဏ်အင်္ဂါရပ်တို့တွင် ကိုယ်ရည်ကိုယ်သွေးမြင့်မားခြင်း၊ ထိုးထွင်းဉာဏ်ထက်မြက်ခြင်း၊ သစ္စာရှိခြင်း၊ အမိန့်နာခံတတ်ခြင်း၊ ဖွဲလုံ့လရှိခြင်းဆိုသည်များ ပါဝင်ကြောင်း၊ ယင်းအချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ မိမိကိုယ်ကို အမြဲသုံးသပ်ပြီး မပြည့်စုံသေးလျှင် ပြည့်စုံအောင် ကြိုးစားလေ့ကျင့်ယူကြရမည်ဖြစ်ကြောင်း။

ရဲဘော်တို့သည် သင်တန်းဆင်းပြီးသည့်နောက် တိုက်လေယာဉ်၊ သယ်ယူပို့ဆောင်ရေးလေယာဉ်၊ တိုက်ခိုက်ရေးရဟတ်ယာဉ်၊ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် စသည်ဖြင့် မိမိတာဝန်ကျရာလေယာဉ်၊ ရဟတ်ယာဉ် အမျိုးအစားအလိုက် ပျံသန်းမှုတာဝန်များ ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းကရရှိခဲ့သည့် ပညာရပ်များကိုအခြေခံပြီး သက်ဆိုင်ရာ လေယာဉ်၊ ရဟတ်ယာဉ်အလိုက် နည်းပြဆရာများ၊ မိမိထက် အတွေ့အကြုံရင့်ကျက်ပြီးဖြစ်သည့် နောင်တော် လေသူရဲများထံမှ တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံများကို နည်းနာခံယူပေါင်းစပ်ကာ အရည်အသွေးပြည့်ဝသည့် တိုက်ပွဲဝင် လေသူရဲကောင်းများဖြစ်အောင် ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် အဆင့်မြင့်နည်းပညာရပ်များသည် အရှိန်အဟုန်ပြင်းစွာ တိုးတက်လျက်ရှိကြောင်း၊ နည်းပညာနယ်ပယ်ကဏ္ဍ အများအပြားတို့တွင် Aviation Technology ဆိုသည့် လေကြောင်းနည်းပညာနှင့် Aerospace Technology ဆိုသည့် အာကာသ သိပ္ပံနည်းပညာများသည် အီလက်ထရွန်နစ်နှင့် Information Technology များ၏ အထောက်အကူဖြင့် တစ်ရှိန်ထိုး တိုးတက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ တိုးတက်မြင့်မားလာသည့် နည်းပညာများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အထောက်အပံ့ပြုရင်းဖြင့် စစ်ဘက်ဆိုင်ရာ ရုပ်ဝတ္ထုတိုးတက်ပြောင်းလဲခြင်းအပြင် စစ်ရေးဆိုင်ရာ အတွေးအခေါ်အယူအဆများကိုပါ ပြောင်းလဲပစ်နိုင်စွမ်းရှိလာကြကြောင်း၊ ယင်းအချက်များကို အမြဲတမ်း မျက်ခြည်မပြတ် လေ့လာသိရှိနေကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ကမ္ဘာပေါ်တွင် ပြောင်းလဲနေသည့် နည်းပညာများ၊ အတွေးအခေါ်များ၊ အတတ်ပညာများကို နှံ့စပ်စွာသိရှိပြီး နောက်ကျကျန်ရစ်ခြင်းမရှိဘဲ နိုင်ငံတကာနှင့် ဝင်ဆံ့နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်ကြီးသည် ရှေးနှစ်ပေါင်း များစွာကတည်းက တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းနေထိုင်ရာ ပြည်ထောင်စုကြီးဖြစ်ကြောင်း၊ ပြည်ထောင်စု၏ မည်သည့်နေရာတွင်နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ ရဲဘော်တို့သည် ကိုယ်တိုင်လည်း ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ကြရမည်ဖြစ်သကဲ့သို့ မိမိတာဝန်ကျရာ ဒေသ၌ရှိသည့် သွေးချင်းသားချင်း တိုင်းရင်းသားများအကြားတွင်လည်း စစ်မှန်ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်းရှိကြမှ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း။

ရဲဘော်တို့သည် တပ်မတော်သားတစ်ဦးဖြစ်သည်နှင့်အညီ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျရာကဏ္ဍမှ မဆိုင်းမတွ ကျေပွန်အောင် ထမ်းဆောင်နိုင်စွမ်းရှိကြရမည်ဖြစ်သည်ကို သတိပေး ပြောကြားလိုကြောင်း။

နိုင်ငံတော်က လူသားအရင်းအမြစ်များကို အတတ်ပညာတစ်မျိုးထက်မက တတ်ကျွမ်းနားလည်စေပြီး စွမ်းရည်ထက်မြက်မြင့်မားအောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ရဲဘော်တို့သည် ကမ္ဘာ့ဖြစ်ပေါ်ပြောင်းလဲနေမှုအခြေအနေအရပ်ရပ်များကို မျက်ခြည်မပြတ် လေ့လာနေပြီး ကြိုတင်မြော်တွေးတတ်မှု၊ ထိုးထွင်းကြံဆတတ်မှုတို့နှင့်အတူ ပေးအပ်သည့်တာဝန်များကို ခေတ်နှင့်လျော်ညီစွာ ကျေပွန်အောင် ထမ်းဆောင်နိုင်ကြရမည်ဖြစ်ကြောင်း။

စိတ်ဓာတ်ကောင်းလျှင် စည်းကမ်းကောင်းလာသကဲ့သို့ စိတ်ဓာတ်နှင့်စည်းကမ်းကောင်းလျှင် တိုက်ရည်ခိုက်ရည်လည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်တစ်တပ်ကောင်းရန်အတွက် စိတ်ဓာတ်က အထူးအရေးကြီးကြောင်း၊ ရုပ်ဝတ္ထုပစ္စည်းများ မည်မျှပင်ကောင်းကောင်း စိတ်ဓာတ်မကောင်းလျှင် အချည်းနှီးပင်ဖြစ်ကြောင်းကို ရဲဘော်တို့အသိပင်

✻ ကျောဖုံးမှ

ဆောင်ရွက်သွားကြရန် လိုကြောင်း ဖြင့်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များလိုက်ပါပြီး ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ သွားရောက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ဝေးလံခက်ခဲသော ဒေသများမှ လည်ပင်းကြီးရောဂါ ခွဲစိတ်ကုသ ထားသူများ၊ မျက်စိခွဲစိတ်ကုသထားသော ဒေသခံတိုင်းရင်းသား ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမြင့်အောင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာငွေးကြွယ်တို့က ခွဲစိတ်ကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လည်ပင်းကြီးရောဂါနှင့် မျက်စိခွဲစိတ်ကုသထားသော ဒေသခံတိုင်းရင်းသား ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို တစ်ဦးချင်းပေးအပ်ပြီး အားပေးစကား ပြောကြားရာတွင် ယခုကဲ့သို့ ကျေးလက်ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားများအား ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးနိုင်ခြင်းသည် ပြည်ထောင်စု နယ်မြေဒေသ အသီးသီးတို့၌ တည်ငြိမ်အေးချမ်းမှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုတို့၏ အကျိုးရလဒ်အဖြစ် ခံစားကြရခြင်းပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ကြသည်နှင့် အမျိုးတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်မှုများလည်း ပို၍ပို၍ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် လည်ပင်းကြီးရောဂါနှင့် မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးရန် အတွက် ဝေးလံခက်ခဲသော ဒေသများမှ တိုင်းရင်းသားလူနာများအား ရှာဖွေစုဆောင်းခြင်း၊ ကျိုင်းတုံမြို့သို့ ခေါ်ယူပို့ဆောင်ပေးခြင်း၊ ယာယီ နေထိုင်စားသောက်မှုကိစ္စနှင့် အခြားလိုအပ်သော ဆေးဝါးများ ထောက်ပံ့ကူညီဆောင်ရွက်ပေးခြင်းတို့ကို စီမံချက်ရေးဆွဲကာ စနစ်တကျ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းအဖွဲ့ကို အားဖြည့်ကူညီရန်အတွက် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုအဖွဲ့ငယ်နှင့် ဆက်သွယ်၍ ကျိုင်းတုံမြို့သို့ ဖိတ်ကြားကာ ခွဲစိတ်ကုသမှုလုပ်ငန်းများကို နိုဝင်ဘာ ၁၂ရက်မှ စတင်ဆောင်ရွက်ခဲ့ကြသည်။

ထိုကဲ့သို့ ခွဲစိတ်ကုသမှုလုပ်ငန်းများ မဆောင်ရွက်မီ လူနာများအား နိုဝင်ဘာ ၆ ရက်မှ စတင်၍ အီး၊စီ၊ဂျီ ရိုက်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ ဓာတ်ခွဲခြင်း၊ သွေးအုပ်စုနှင့် အထွေထွေ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ခွဲစိတ်ကုသမှု ခံယူခဲ့ကြသော လည်ပင်းကြီးရောဂါ လူနာများမှာ မိုင်းတုံမှတစ်ဦး၊ ဝမ်မိုင်ကျေးရွာမှ ၁၄ဦး၊ နမ့်လမ်ကျေးရွာမှ တစ်ဦး၊ ဝမ်နောင် ကျေးရွာမှ နှစ်ဦး၊ မိုင်းဟုန်းကျေးရွာမှ တစ်ဦး၊ ဝမ်ပွေကျေးရွာမှ တစ်ဦး၊ ပါဆန်းကျေးရွာမှ တစ်ဦး၊ ဈေးတန်းရပ်ကွက်မှ သုံးဦးနှင့် ပြည်တွင်းအခွန်ဦးစီးဌာနမှ တစ်ဦး စုစုပေါင်း ၂၅ ဦးဖြစ်ပြီး ၎င်းတို့အား ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုအဖွဲ့ငယ်မှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး (အငြိမ်းစား) ပါမောက္ခ ဒေါက်တာဦးမျိုးမင်း၊ ရန်ကုန်အလုပ်သမားဆေးရုံကြီးမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်တင်နှင့် အဖွဲ့ဝင် ၁၀ ဦး ပါဝင်သော အထူးကုဆရာဝန်ကြီးများက ခွဲစိတ်ကုသပေးခဲ့ခြင်း ဖြစ်သည်။

အလားတူ မျက်စိဝေဒနာရှင် ၁၀ဦးကိုလည်း ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်စန္ဒာမြင့်နှင့်အဖွဲ့က ခွဲစိတ်ကုသပေးခဲ့သည်။

အဆိုပါ လည်ပင်းကြီးရောဂါ ခွဲစိတ်ကုသထားကြသူများနှင့် မျက်စိခွဲစိတ်ကုသထားကြသော လူနာများ၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိပြီး ၎င်းတို့၏ ဆေးကုသမှုလုပ်ငန်းများ ပြီးဆုံးပါက နေရပ်အသီးသီးသို့ လိုအပ်သည့် ဆေးဝါးများနှင့်အတူ အိမ်တိုင်ရာရောက် ပြန်လည်ပို့ဆောင်နိုင်ရေး အတွက် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ကြိုတင် စီစဉ်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ခန်းကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တာဝန်ရှိသူ များအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်းအား ယင်းဝန်ကြီးဌာန ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဝန်ကြီးဌာန ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးစန်းဝင်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သော မစ္စတာ ခရစ်စတိုဖာကေးသည် ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ညှိခန်းမသို့ လာရောက်၍ ၎င်း၏ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဖြစ်ကြောင်း၊ ယင်းစိတ်ဓာတ်များကို မွေးမြူထိန်းသိမ်းကြရန်နှင့် ဝေဟင်တွင်ရော မြေပြင်၌ပါ မည်သည့်နေရာတွင် တာဝန်ထမ်းဆောင်ရသည်ဖြစ်စေ ကောင်းမြတ်သည့် အစဉ်အလာအတိုင်း တွေဝေတွန့်ဆုတ်မှုမရှိဘဲ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းတာဝန် ထမ်းဆောင်နိုင်ရန်အတွက် အမြဲတမ်း လေ့ကျင့်နေကြရမည်၊ အမြဲတမ်း စစ်ရေးသတိရှိနေရမည်၊ အမြဲတမ်း တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေရမည် ဆိုသည်ကို အလေးအနက် မှာကြားလိုကြောင်း။

ရဲဘော်တို့သည် ယခုကဲ့သို့ နိုင်ငံတော်နှင့်တပ်မတော်အတွက် အနာဂတ်လူသားအရင်းအမြစ်များအဖြစ် နိုင်ငံတော်က လေ့ကျင့်မွေးထုတ်ရာတွင် အချိန်ကာလအားဖြင့်သာမက တိုင်းပြည်ဘဏ္ဍာငွေ အမြောက်အမြားရင်းနှီးခဲ့ရကြောင်း၊ ရဲဘော်တို့အနေဖြင့်လည်း မိမိတို့၏ ဖွဲ့ လုံ့လ ဝီရိယနှင့် ကိုယ်နှုတ်နှလုံး သုံးပါးစလုံး အားထုတ်ကြိုးပမ်းခဲ့ကြရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏စေတနာကို နားလည်သဘောပေါက်ပြီး အမိနိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးနှင့် ကာကွယ်ရေးအတွက် နိုင်ငံတော်က အားထားရမည့် အရာရှိကောင်း၊ လေသူရဲကောင်းများအဖြစ် ကြိုးစားအားထုတ် ဆောင်ရွက် နေထိုင်သွားကြရန် မှာကြားလိုကြောင်းဖြင့် တိုက်တွန်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းသည် စစ်ရေးပြကွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းသည် ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းတစ်လျှောက် လူသွားစင်္ကြံ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း လမ်းများခင်းကျင်းမှုနှင့် လူသွားစင်္ကြံများ လဲလှယ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးလိုက်ပါလျက် ယနေ့နံနက်က ရန်ကုန်မြို့နှင့် ဆင်ခြေဖုံးမြို့နယ်များတွင် လမ်းသားများပြုပြင်နေမှု၊ လမ်းများ ထပ်ပိုးလွှာခင်းကျင်းနေမှု၊ လူသွားစင်္ကြံများ အသစ်လဲလှယ်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများနှင့်အတူ နံနက် ၆ နာရီခွဲတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်း လူသွားစင်္ကြံကွန်ကရစ် ကျောက်ပြားသစ်များ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများနှင့်အတူ ပုဇွန်တောင်မြို့နယ်၊ ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်များရှိ အနော်ရထာလမ်းတစ်လျှောက် လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားသစ်များ ခင်းကျင်းနေမှုကိုစစ်ဆေးကြည့်ရှုရာ လမ်းသားများပြုပြင်သည့် လုပ်ငန်းနှင့် လူသွားစင်္ကြံများပြုပြင် လဲလှယ်ရေးလုပ်ငန်းများ တာဝန်ခံ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဒုတိယဌာနမှူး ဦးညီညီဦးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ်သမိုင်းဘူတာရုံလမ်းအားလေးလမ်းသွား ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရန် မှာကြားသွားသည်။ (၁၉)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈–၁၁–၂၀၀၅ (စနေနေ့)

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၄)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ အတီးပြိုင်ပွဲ

၈:၁၀ ၆။ တေးဂီတအစီအစဉ်

၈:၂၀ ၇။ လယ်ယာစီးပွားမြင့်မားစေရန် ပဒဲ့ရေလှောင်တမံ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Grammar Made Easy.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂:၃၅ ၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ

၁၂:၄၅ ၇။ **“တို့တစ်ရွာလုံးချမ်းသာပြီ” (သန်းထွဋ်၊ သူသူဟံသာ၊ အကယ်ဒမီ ဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ–တင်အောင်ရွှေသုတေသီ)**

၁:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၁:၃၀ ၉။ အဆိုပြိုင်ပွဲ

၁:၄၅ ၁၀။ ဂုံညင်းတန်းတံတား

၁:၅၅ ၁၁။ အတီးပြိုင်ပွဲ

၂:၁၀ ၁၂။ **“အလျော်အစား” (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ–ကျော်ဇောလင်း)**

၂:၂၅ ၁၃။ အကပြိုင်ပွဲ

၂:၃၅ ၁၄။ ဘော်ဘင်ရေလှောင်တမံ

၂:၄၅ ၁၅။ International News.

၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Every day Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**

၅:၁၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၅:၂၀ ၇။ တေးပြုစာဆို မြမြင့်အောင် ဆိုင်းအဖွဲ့ဖျော်ဖြေခန်း

၅:၃၅ ၈။ **“ကြိုဆိုလျက်ပါ” (ငှက်ပျောကြော်၊ မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ ဇင်ဇင်ဇော်မြင့်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော်)(ဒါရိုက်တာ–အောင်မိုး–ပဲရစ်)**

၅:၄၅ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်

၇:၀၅ ၁၃။ Discovery.

၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဟောမန်ဆောင်းရဲ့နေ့ရက်များ” (အပိုင်း–၂၅)**

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာပန်းတိုင်” (အပိုင်း–၃၇)**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

● **အမျိုးသားညီလာခံမှ**

ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံကိုယ်စားလှယ်များဖြစ်ကြသည့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်၊ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုးနှင့် တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်တို့က အသီးသီးဖတ်ကြား တင်ပြကြသည်။

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေး ကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များက အကြံပြုချက်စာတမ်းများကို တင်ပြကြရန် အလှည့်ကျသဘာပတိက ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များက အကြံပြုချက်စာတမ်းများ ပြုစုတင်ပြရေးနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြပြီး အလှည့်ကျသဘာပတိက စာတမ်းတင်ပြမည့်ရက်ကို သတ်မှတ်အတည်ပြုကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ နံနက် ၁၁ နာရီ ၄၅မိနစ်တွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကိုဆွေးနွေးပွဲခန်းမ (၇)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈ ဦးရှိပြီး ၁၀၄ဦး တက်ရောက်ကြရာ ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၃၀ရာခိုင်နှုန်း ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေး ကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့နှင့်စပ်လျဉ်းပြီး အကြံပြုချက်စာတမ်းပြုစုရေးအဖွဲ့များ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ သဘာပတိအဖွဲ့ဝင် ဦးအုံ့မောင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ်များဖြစ်ကြသည့် သတ္တုတွင်းဝန်ကြီးဌာနမှ ဦးဆန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဒေါ်စန်းမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးအောင်ကြည်သိန်းတို့က အသီးသီးဖတ်ကြား တင်ပြကြသည်။

ဆက်လက်၍ အကြံပြုစာတမ်းအပေါ် အလှည့်ကျသဘာပတိက အစုအဖွဲ့ကိုယ်စားလှယ်များ၏ သဘောတူညီချက်ကို ရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ နံနက် ၁၀နာရီခွဲတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ချိန်ခါမဟုတ် မိုးကြောင့် ထိခိုက်ခဲ့သော ကြက်သွန်နီစိုက်ခင်းများ ပြန်လည်စိုက်ပျိုးရန် ကူညီပံ့ပိုးဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ကျော်ထူးသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၄ရက် မွန်းလွဲ ၂နာရီမှ ၃နာရီခွဲအထိ ကျောက်ဆည်မြို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး မြို့နယ်မန်နေဂျာရုံးရှိ ပြည်ပပို့ကုန်မြှင့်တင်ရေး သတင်းဌာနရုံးခန်း၌ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရ၊ ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်ဝင်း၊ မြစ်သားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်နှင့် မြစ်သားမြို့နယ် ကသည်းကုန်း၊သိုဒန်၊ ကြောင်ပန်းကုန်း၊ စပါးတော၊ ရွာမှန်းကြီး၊ နွားလျှာရိုး၊ ကျားတွင်း ကျေးရွာများမှ ကြက်သွန်စိုက် တောင်သူများနှင့် တွေ့ဆုံ၍ အောက်တိုဘာလအတွင်း အချိန်အခါမဟုတ်မိုးရွာသွန်းမှုကြောင့် ထိခိုက်ခဲ့သော မြစ်သားမြို့နယ် ကျေးရွာအုပ်စု ၁၂စုမှ ၂၉၅ဧက၊ ကျောက်ဆည်မြို့နယ် ကျေးရွာအုပ်စုနှစ်ခုမှ ၃၇၆ဧက စုစုပေါင်း ၆၇၁ဧကတွင် ကြက်သွန်နီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သောမျိုးနှင့် စိုက်ပျိုးစရိတ်များကို ကုမ္ပဏီအဖွဲ့အစည်းများမှ ပံ့ပိုးထောက်ပံ့ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ညနေပိုင်းတွင် ကျောက်ဆည်မြို့နယ် ဇလီကွင်းကျေးရွာအုပ်စု၌ ခွာညိုရောင်းဝယ်ရေးမှ ပြည်ပတင်ပို့ရန် စိုက်ပျိုးထားသော ဘာရာဇီးငှက်ပျော ဧက ၄၀ စိုက်ခင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

၂၀၀၆ခုနှစ် မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ လှူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဒုတိယ ဥက္ကဋ္ဌ ဦးမောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာရှ ပစိဖိတ်ကိုယ်စားလှယ် Mr. Simon Koh က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုကြပြီးနောက် ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး ပြိုင်ပွဲပွဲစဉ်များကို စတင်ကျင်းပကြောင်း သတင်းရရှိသည်၊ (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် T.C.C ရိပ်သာလမ်းနေ ဒေါ်နန်းခမ်းလင်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး တိုးချဲ့ဆေးရုံ အဆောက်အအုံအတွက် အလှူငွေကျပ်ခြောက်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်လက်ခံယူစဉ်။ (က-ပ)

ကလေးများ၏ သီချင်းဆိုပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့်ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ၏ ၂၀၀၆ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် "လမ်းလျှောက်ကြ" သီချင်းဆိုပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(ဘီ)၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုကို အလက(၁) ဒဂုံ၊ ဒုတိယဆုကို အလက(၈) မြောက်ဥက္ကလာပ၊ တတိယဆုကို အလက(၃) စမ်းချောင်းနှင့် နှစ်သိမ့်ဆုကို အလက(၂) သဃ်န်းကျွန်းတို့က ရရှိကြသည်။ (သတင်းစဉ်)

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ဘွဲ့ရ ကျောင်းသား၊ကျောင်းသူဟောင်းများ မိတ်ဆုံပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မိတ်ဆုံ ညစာစားပွဲကို ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ Excel Treasure Restaurant၌ ဒီဇင်ဘာ ၂ ရက် (စနေနေ့) ည ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းအားလုံး တက်ရောက်ကြရန်နှင့် အသေးစိတ်သိလိုပါက ကိုမန်းကိုကိုဝင်း ဖုန်း-၀၉-၅၀၂၁၆၇၇၊ ကိုအေးထွန်းလင်း ၀၉-၅၁၁၉၁၁၇၊ကိုမင်းဦး ၀၉-၅၀၀၇၁၆၆၊ ကိုမိုးသူကျော် ၀၉-၈၀၂၂၀၇၁၊ ကိုကျော်မြတ်သော် ၀၉-၈၀၂၄၄၁၈၊ ကိုကျော်မောင်မောင်ဝင်း ၀၉-၈၀၂၄၂၂၇၊ ကိုရူပ ၀၉-၈၀၂၃၆၄၆နှင့် ကိုရဲဝင့်ထူး ၀၉-၅၀၀၃၇၀၀တို့ထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် (၈၆)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို အထက (၃) မင်္ဂလာတောင် ညွန့် တွင် နိုဝင်ဘာ ၁၄ ရက်က ကျင်းပရာမူလတန်းအဆင့်ကဗျာပြိုင်ပွဲတွင် တတိယဆုရရှိသော အထက (၃) မှစတုတ္ထတန်းကျောင်းသူ မအေးချမ်းမြင့်ဦးအား မြို့နယ် ပညာရေးမှူး ဦးဝင်းရှိန်ဆုချီးမြှင့်စဉ်။ (က-ပ)

ကျိုက္ကော်အထက အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

မွန်ပြည်နယ် သထုံမြို့နယ် ကျိုက္ကော်အထက၏ အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက်၌ ကျိုက္ကော်အထက ရွှေရတုခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ကျောင်းသူ၊ ကျောင်းသား၊ အသစ်၊ အဟောင်းများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေများကိုဒေါ်သန်းအိ ကျောင်းအုပ်ဆရာမကြီး၊ ကျိုက္ကော်အထက၊ ဒေါ်တင်ကြူ ဈေးတန်းရပ်၊ ကျိုက္ကော်၊ ဒေါက်တာခွန်ကျော်အောင်-ဒေါ်တင်လွမ် ဖုန်း-၂၉၅၅၀၀၊ ၂၉၆၄၄၉၊ ၀၉၅၁-၃၉၇၅၄၊ ဒေါက်တာတင့်ဇော်ဦး ဖုန်း-၂၂၉၈၉၇ တို့သို့ ဆက်သွယ်လှူဒါန်းပါရန်နှင့် ရန်ကုန်မြို့မှ လိုက်ပါမည့်သူများ ဒီဇင်ဘာ ၁၅ရက် နောက်ဆုံးထား၍ စာရင်းပေးကြရန် နှိုးဆော်ထားသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၁-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဆရာတော်ဦးဃောသိတတရားတော် -ကာယနုပဿနာသတိပဋ္ဌာန်
- ၉:၁၀ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း -**"လက်တွဲဖော်"** **ရာဇာနေဝင်း၊ ခန့်စည်သူ၊ ထက်ထက်မိုးဦး (ဒါရိုက်တာ ခင်မောင်ဦး-စိုးသိမ်းထွဋ်)**
- ၁:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၈။ ပြီးပါပြီ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄:၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၀ ၈။ မိုးလေဝသသတင်း
- ၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၀ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " ကျေးတောသူ"(အပိုင်း-၁)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ **ENGLISH PREMIER LEAGUE -Sheffield United Vs Manchester United**
- ၁၇။ သင့်အတွက်မနက်ဖြန်
- ၁၈။ အပိတ်နှုတ်ဆက်စကား
- ၁၉။ ပြီးပါပြီ။

သဲပုံစေတီ ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၆) ရပ်ကွက် ဘူတာရုံလမ်း ဇေယျဝတီစာသင်တိုက်အတွင်း တည်ထား ကိုးကွယ်တော်မူသော မင်္ဂလာမဥ္ဇူ သဲပုံစေတီ (၁၀၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဓမ္မပူဇာဖြင့် ပူဇော်မည်ဖြစ်သည်။

နိုဝင်ဘာ ၂၁ ရက်၌ အရှင် ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)၊ ၂၂ ရက်၌ အရှင်အာစာရာလင်္ကာရ (ရွှေဟင်္သာ၊ စစ်ကိုင်း)၊ ၂၃ ရက်၌ သီတဂူအရှင်တေဇိန္ဒ၊ ၂၄ ရက်တွင် သီတဂူ အရှင်ကုသလ၊ ၂၅ ရက်၌ ဘဒ္ဒန္တ နန္ဒသာမိဘိဝံသ၊ ၂၆ ရက်၌ သီတဂူ အရှင်ဒေဝိန္ဒာ လင်္ကာရာဘိဝံသ၊ ၂၇ ရက်၌ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ (ဒု–ပါမောက္ခချုပ်)၊ ၂၈ ရက်၌ ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ(ပါမောက္ခချုပ်)၊ ၂၉ ရက်တွင် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (တိပိဋကရေဓမ္မဘဏ္ဍာဂါရိက–ယော)နှင့် ၃၀ ရက်၌ ဘဒ္ဒန္တ ဇာဂရ၊ ဒီဇင်ဘာ ၁ ရက်၌ ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၂ ရက်၌ ဘဒ္ဒန္တ နရပတိ (ဖြူးဆရာတော်)၊ ၃ရက်၌ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ)နှင့် ၄ရက်၌ ဒေါက်တာ ဘဒ္ဒန္တ အာဒိစ္စဝံသ (ပါမောက္ခ၊ မဟာဌာနမှူး)ဆရာတော်များက ညစဉ် ၇နာရီမှစ၍ သုတ္တန်ဒေသနာတော်များကို ဟောကြားမည်ဖြစ်သည်။ (က–ပ)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး တည်ဆောက်ခြင်းအတွက် ရေကျော်မှအလှူရှင် ဦးသန်းထွန်း–ဒေါ်ခင်သီတာထွန်း မိသားစုက တန်ဖိုးကျပ် ၂၂၀၀၀၀ ရှိရွှေဒင်္ဂါးပြားနှင့်ပုလဲဆွဲသီးတစ်ခု လှူဒါန်းရာ သီရိသုဓမ္မဓဇာဓိဇောတဓရေ ဗန္ဓုလဦးရွှေ လက်ခံယူစဉ်။ (က–ပ)

ဒီပါဝလီပွဲတော် အထိမ်းအမှတ်အခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း တက်ရောက်ချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းသည် နိုဝင်ဘာ ၁၄ ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ရှိ Hotel Nikko Royal Lake ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က ကျင်းပသည့် ဒီပါဝလီပွဲတော် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အထိမ်းအမှတ် အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဧည့်သည်တော်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒီပါဝလီပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ မြန်မာ–အိန္ဒိယ ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆီမီးထွန်းညှိ

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)နှင့် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် အတွင်းရေးမှူး ဦးလှရွှေတို့က စင်မြင့်ပေါ်ရှိ မင်္ဂလာဆီမီးတိုင်ကို ဆီမီးထွန်းညှိပြီး အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့အား ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် အတွင်းရေးမှူး ဦးလှရွှေတို့က ဂုဏ်ပြုပန်းကုံးစွပ်ပြီး ဂုဏ်ပြုပဝါလွှမ်းခြုံပေးကြသည်။

ထို့နောက် ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အမှာစကားပြောကြား

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အမှာစကားပြောကြားသည်။

ထို့နောက် ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူက ဒီပါဝလီပွဲတော်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တမီလ်ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်၍ ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တည်ခင်းဧည့်ခံ

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ရန်ကုန်–မော်လမြိုင် အထူးအမြန်ရထားပြေးဆွဲမည်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်နှင့် မော်လမြိုင် ကူးသန်းသွားလာကြသည့် ရထားစီးခရီးသည် တိုးတက်များပြားလာသည့်အလျောက် ခရီးသွားလာမှု ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရန်ကုန်–မော်လမြိုင်လမ်းပိုင်းတွင် အထူးအမြန်ရထားများကို နိုဝင်ဘာ ၁၉ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ရာ အမှတ်(၃၅) အဆန် ရန်ကုန်–မော်လမြိုင် အထူးအမြန်ရထားသည် ရန်ကုန်ဘူတာမှ နံနက် ၇ နာရီ ၁၅မိနစ်တွင် ထွက်ခွာ၍ မော်လမြိုင်ဘူတာသို့ ညနေ ၅ နာရီ ၁၀မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

အမှတ်(၃၆) အစုန်

အမှတ်(၃၆) အစုန် မော်လမြိုင်–ရန်ကုန် အထူးအမြန်အစုန်ရထားသည် မော်လမြိုင်ဘူတာမှ နံနက် ၆ နာရီတွင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ထိုရထားခရီးစဉ်များတွင် ကျိုက်ထိုဘူတာ၌သာ ရပ်တန့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ကြေညာထားသည်။ (သတင်းစဉ်)

ရန်ကင်း ပြည်သာယာ(ကျိုက္ကဆံ I.L.B.C တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း ကုက္ကိုင်းနေ ဦးကျော်သူနိုင်–ဒေါ်သန္တာမွန်းမိသားစုက အလှူတော်ငွေကျပ် ၁၀ သိန်းကို ရွှေပြည်ဟိန်းဆရာတော် (သီတဂူကြာတစ်ပွင့်)ထံမှောက်တွင် ဆက်ကပ်လှူဒါန်းရာ ဆေးခန်းအကျိုးဆောင် ဦးကျော်ဝင်း လက်ခံယူစဉ်။ (၅၃၅)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးဉာဏ်–ဒေါ်လှကြည်တို့အားရည်စူး၍ သားသမီးများဖြစ်ကြသော ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည် အိမ်ရာနေ ဒေါ်အုန်းမြင့်နှင့်မောင်နှမတစ်စုက အလှူတော်ငွေကျပ် ၂၀၀၀၀၀ ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ့အလှပန်းချီပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)နှင့် အိုအေစစ်ပန်းချီပြခန်းတို့ ပူးပေါင်းမှု အစီအစဉ်အရ မြန်မာ့အလှ(၃)ပန်းချီပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအကြောင်းအရာမှာ မြန်မာ့အလှဖြစ်ပြီး မြန်မာ့ရေမြေ တောတောင်သဘာဝ၊ ရိုးရာယဉ်ကျေးမှုဓလေ့အလှကို ဖော်ညွှန်းသောပုံများဖြစ်ရမည်။ သုံးပေ X နှစ်ပေအရွယ် ကင်းဗတ်စပေါ်တွင် ရေးဆွဲရမည်ဖြစ်ပြီး ဗွီနိုင်း ပလတ်စတစ်စပေါ်တွင် ရေးဆွဲသောပုံများကို ခွင့်ပြုမည်မဟုတ်ပါ။ ဆီဆေး (သို့) အခိုင်းလစ်(စ်) ကြိုက်နှစ်သက်ရာဆေးဖြင့် ရေးဆွဲပြီး သရုပ်မှန်ရေးဆွဲနည်းနှင့် ရိုးရာရေးဆွဲနည်း နှစ်မျိုးသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

အသက် (၁၈)နှစ် အထက်သာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို ပူးတွဲတင်ပြရမည်ဖြစ်သည်။ ယခင် မြန်မာ့အလှပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရပြီးသူများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပန်းချီကားရှေ့တွင် လက်မှတ်ရေးထိုးထားခြင်းကို ခွင့်ပြုမည်မဟုတ်ပါ။ ပန်းချီကားခေါင်းစဉ်၊ ပန်းချီကားနှင့်ဆိုင်ရာ အချက်အလက်၊ ရေးဆွဲသူ၏ကိုယ်ရေးရာဇဝင်၊ လိပ်စာတို့ကို သီးခြားစာရွက်တွင်ရေးသား၍ ပတ်စပို့အရွယ်ဓာတ်ပုံတစ်ပုံနှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ငါးဆုချီးမြှင့်မည်ဖြစ်ပြီး ဆုမရသောပုံများကို ပြန်လည် တောင်းယူနိုင်သည်။ ပြိုင်ပွဲဝင်ပန်းချီကားများကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၃၁ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)သို့ ပေးပို့နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း–၃၈၅၂၅၉သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

အဝလွန်ခြင်းကို ကျန်းမာရေးပြဿနာအဖြစ် လက်ခံသင့် ကမ္ဘာ့ဘဏ်နှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ဆွေးနွေး

အစ္စတန်ဘူလ် နိုဝင်ဘာ ၁၇

အဝလွန်ခြင်းသည် ကမ္ဘာပေါ်၌ ရောဂါတစ်ခုသဖွယ် ပျံ့နှံ့ဖြစ်ပွားလာနေပြီး စီးပွားရေးအရကြည့်မည်ဆိုပါကလည်း အာဟာရချို့တဲ့သည့် ကျန်းမာရေးပြဿနာကဲ့သို့ပင် နိုင်ငံများ၏စီးပွားရေးအပေါ် ထိခိုက်စေနိုင်သည်ဟု ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်သူများက သတိပေးသည်။

အဝလွန်ကဲသည့် ကျန်းမာရေးပြဿနာသည် ဆင်းရဲသောနိုင်ငံများ၏ စီးပွားရေးကိုလည်း ထိခိုက်စေနိုင်သည်ဟု ဆိုထားသည်။ ကမ္ဘာ့နိုင်ငံများရှိ အဝလွန်နေသူများဦးရေသည် လွန်ခဲ့သော အနှစ်၂၀အတွင်း သုံးဆမျှပို၍ များပြားလာပြီး ၂၀၁၀ ပြည့်နှစ်အရောက်၌ ဥရောပဒေသနှင့် အာရှအလယ် ပိုင်းဒေသများတွင် ကလေး ၁၀ ဦးလျှင်တစ်ဦးသည် အဝလွန်နေသည်ကို လည်းကောင်း၊ လူကြီးငါးဦးလျှင် တစ်ဦးသည် အဝလွန်နေသည်ကိုလည်းကောင်း တွေ့ကြရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။

အလွန်ဝနေသူ ဂရိနိုင်ငံသားတစ်ဦးကို မော်တော်ဆိုင်ကယ်ငယ်ကလေးဖြင့် ဤသို့ တွေ့ရသည်။ *(ဓာတ်ပုံ–အင်တာနက်)*

စီးပွားရေးထိခိုက်နိုင်

ပြည်သူများအကြားတွင် အာဟာရချို့တဲ့မှုနှုန်းကြီးမားလျှင် နိုင်ငံ၏ ဂျီဒီပီကို နှစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းအထိ ကျဆင်းနိုင်သကဲ့သို့ပင် အဝလွန်မှုသည်လည်း ထိုနည်းတူစွာပင် နိုင်ငံ၏ စီးပွားရေးကို ထိခိုက်စေနိုင်သည်ဟု ကမ္ဘာ့ဘဏ်မှ အာဟာရပညာရှင် ဒေါက်တာမီရာရှာကားက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဥရောပဒေသ အဝလွန်မှုရောဂါဆိုင်ရာ တိုက်ဖျက်ရေး ကွန်ဖရင့်ကို လောလောဆယ်တွင် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပလျက်ရှိသည်။ အထက်ပါစကားများကို ဒေါက်တာ ရှာကားက ဖော်ပြပါကွန်ဖရင့်၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေးပြဿနာ

လူအများ အဝလွန်လာသည့်ကိစ္စကို ကျန်းမာရေးပြဿနာ တစ်ခုအဖြစ် ရှုမြင်လာပြီး နိုင်ငံရေးအရ အလေးပေးစဉ်းစားလာကာ တာဝန်သိသိဖြင့် အရေးယူ တုံ့ပြန်လာကြစေရန် ရည်ရွယ်၍ အစ္စတန်ဘူလ် အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအခြေအနေ၌ပင် ဥရောပဒေသနှင့် အာရှအလယ်ပိုင်းနိုင်ငံများတွင် ကျန်းမာရေး အသုံးစရိတ်၏ ခြောက်ရာခိုင်နှုန်းသည် အဝလွန်မှုပြဿနာကြောင့် သုံးစွဲနေရသော ကုန်ကျစရိတ်ဖြစ်သည်ဟု ဆိုသည်။ ပြင်သစ်တစ်နိုင်ငံတည်း၌ပင် ၁၉၉၂ ခုနှစ်က အဝလွန်မှုပြဿနာကို ဖြေရှင်းရန် သုံးစွဲရသောစရိတ်သည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၁ ဘီလီယံ ရှိခဲ့ပြီး ၂၀၀၀ ပြည့်နှစ်၌ ထိုကိစ္စအတွက် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်က သုံးစွဲခဲ့ရသော ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံ ရှိသည်ဟု ဆိုသည်။

အင်တာနက် ကျန်းမာရေးသတင်း

အဝလွန်မှုပြဿနာသည် ဥရောပ ချမ်းသာသောနိုင်ငံများ၌သာ ရှိနေသည်မဟုတ်၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ မြောက်အာဖရိကနိုင်ငံများ၊ လက်တင်အမေရိကနိုင်ငံများ စသည့်နိုင်ငံများ၌ပါ တွေ့နေရကြောင်း ပညာရှင် ရှာကားကပြောကြားသည်။

ထိုပြဿနာကို ဖြေရှင်းရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ပုံစံ ပြောင်းလဲစားသုံးရန် ပညာပေးခြင်း၊ ကျန်းမာရေးကို အထောက်အကူ မဖြစ်စေသည့် အချိုရည်ကဲ့သို့သော အစားအစာများကို အခွန်တိုး၍ကောက်ခြင်း၊ ဥရောပနိုင်ငံများက စိုက်ပျိုးရေးလုပ်ငန်းအပေါ် ပံ့ပိုးပေးနေသော အမတော်ကြေးပေးနေမှုကို ပြန်လည်သုံးသပ်ခြင်း၊ အစားအသောက်ထုပ်ပိုးပစ္စည်းများပေါ်တွင် အာဟာရတန်ဖိုးများကို ဖော်ပြစေခြင်း၊ နိုင်ငံအစိုးရများအနေဖြင့် အဝလွန်လာသည့် အခြေအနေကို ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် လက်ခံလာစေခြင်းများ စသည့် အခြေအနေများ ဖြစ်ပေါ်လာအောင် ကြိုးပမ်းသွားသင့်သည်ဟု ရှုမြင်ကြကြောင်း သတင်းများက ဖော်ပြသည်။ ***အင်တာနက်***

ဥက္ကံမြို့ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် တရားပွဲ

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်း ဥက္ကံမြို့ ဦးအောင်ဇေယျရပ်ကွက် လောင့်ကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် အနန္တဂုဏ်ကျေးဇူးကိုရည်မှန်းလျက် တပည့်လောင့်ကျောင်းတိုက်၊ ဆရာတော် ဦးသုမနနှင့် တပည့် ဒါယကာ၊ဒါယိကာမအပေါင်းတို့က ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း စသော လှူဖွယ်ပစ္စည်းများလှူဒါန်းပွဲကို (၃၂)ကြိမ်မြောက်ကျင်းပမည်ဖြစ်သည်။ ထို့အပြင် တရားပွဲများအဖြစ် လောင့်ကျောင်းတိုက်၌ ၁၃၆၈ ခုနှစ် နတ်တော်လဆန်း ၁ရက်၊ နိုဝင်ဘာ ၂၀ရက်(တနင်္လာနေ့) ည ၇နာရီတွင် ရန်ကုန်မြို့ ညောင်ကန်အေး သာသနာ့ရိပ်သာ မဟာစည်နယ်လှည့် ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ၊သာသနဓဇ ဓမ္မာစရိယ ထိလာဆရာတော် အရှင်ဉာဏိဿရနှင့် ၁၃၆၈ခုနှစ် နတ်တော် လဆန်း ၂ရက် နိုဝင်ဘာ ၂၁ ရက် (အင်္ဂါနေ့) ည ၇နာရီတွင် ခရမ်း၀ မဟာစည် ရိပ်သာ မဟာစည်နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ B.A. (Buddhism) ဓမ္မာစရိယ အရှင်ဓမ္မရာဇာအရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည် (ကြေးမုံ)

အင်းတကော် အထက အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၇

အင်းတကော် အထကတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို အဆိုပါကျောင်း၌ ဒီဇင်ဘာ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အင်းတကော် အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမ များနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးကျော်ငွေ ဖုန်း–၅၇၂၁၄၆၊ ဦးခင်စိုး ဖုန်း–၆၂၅၁၄၄၊ ဦးကျော့ရှင်း ဖုန်း–၇၀၉၁၁၁၊ ဒေါ်အေးအေးသင်း ဖုန်း–၆၂၅၃၂၄၊ ဦးမင်းကြည် ဖုန်း–၀၉၅၁၇၈၈၇၉နှင့် ကိုလွင်ကိုကိုနိုင် ဖုန်း–၀၉၅၁၆၅၈၂၂ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ယခင်ဘက်ပတစ်၊ ကူရှင်၊ ယူနီယံ၊ ယူနိုက်တက်ကျောင်း၏ ဆရာ၊ ဆရာမ များအား အာစရိယပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ၁၄ရက် နံနက် ၁၀နာရီတွင် အဆိုပါကျောင်း ပင်လုံခန်းမ၌ကျင်းပရာ ကျောင်းသားဟောင်း ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူများက လက်အုပ်ချီမိုးကန်တော့ကြီးဖြင့် ပူဇော်ကန်တော့ကြကာ ကန်တော့ခံပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၁၇–၁၁–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၇)၌ ပါရှိသော တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့နယ် ကျောက်ချက်ပညာပေးစခန်း ကြည့်ရှုစစ်ဆေးသည့် သတင်း ဒုတိယကော်လံ၊ စတုတ္ထစာပိုဒ်၌ တစ်ဧကလျှင် တင်း ၁၄၀ ထွက်ရှိကြောင်း သိရသည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ (စာတည်းမှူး)

ဂိုးမသွင်းနိုင်မှု အဆုံးသတ်ရန် စတီဗင်ဂျရတ် မျှော်လင့်

လန်ဒန် နိုဝင်ဘာ ၁၇

မိမိသည် ဂိုးမသွင်းနိုင်မှု အဆုံးသတ်နိုင်တော့မည်ဟု ယူဆကြောင်း၊ မန်ချက်စတာယူနိုက်တက် အသင်း၏ တိုက်စစ်မှူး ဝိန်းရူနီသည်လည်း ၁၂လတာမျှ ဂိုးမသွင်းနိုင်ခဲ့ပြီးနောက် အင်္ဂလန်အသင်းအတွက် ဂိုးများ သွင်းနိုင်မည်ဟု မျှော်လင့်ကြောင်း လီဗာပူးအသင်း ကွင်းလယ် ကစားသမား စတီဗင်ဂျရတ်က ယနေ့ပြောကြားသည်။

ဂျရတ်သည် လွန်ခဲ့သည့်ဘောလုံးရာသီတွင် ၂၃ ဂိုး ဂိုးသွင်းနိုင်ခဲ့သည်။ သို့ရာတွင် လီဗာပူးအသင်း၏ အသင်းခေါင်းဆောင် တစ်ဦးလည်းဖြစ်သည့် ဂျရတ်မှာ ၂၀၀၆–၂၀၀၇ဘောလုံးရာသီ၌ ယနေ့အထိ နှစ်ဂိုးမျှသာ သွင်းနိုင်ခဲ့သည်။

ဂျရတ်သည် အမ်စတာဒမ်မြို့တွင် ဗုဒ္ဓဟူးနေ့က ကျင်းပသည့် နိုင်ငံတကာချစ်ကြည်ရေးပွဲတွင် အင်္ဂလန်အသင်းအတွက် ဂိုးသွင်းခွင့်နှစ်ကြိမ်ရရှိခဲ့သော်လည်း ဂိုးသွင်းနိုင်ခဲ့ခြင်းမရှိပေ။

ယင်းပွဲတွင် ဝိန်းရူနီက နယ်သာလန်အသင်းဘက်သို့ တစ်ဂိုးသွင်းနိုင်ခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အင်တာနက်။



ချစ်ကြည်ရေးခြေစမ်းပွဲ

နိုဝင်ဘာ ၁၅ ရက်က အမ်စတာဒမ်မြို့တွင် ကျင်းပသော ချစ်ကြည်ရေးခြေစမ်းပွဲတွင် အင်္ဂလန်အသင်းမှ စတီဗင်ဂျရတ်(ဝဲ) ဘောလုံးကို ခေါင်းတိုက်စဉ်။ (ဓာတ်ပုံ–အင်တာနက်)



ဥရောပ၏ နှစ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုရရန် အလားအလာ ကောင်းသူကင်နာဘာရို။ (ဓာတ်ပုံ–အင်တာနက်)

အကောင်းဆုံးဘောလုံးသမားဆု ကင်နာဘာရိုအလားအလာကောင်း

ရောမ နိုဝင်ဘာ ၁၇

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တွင် အောင်ပွဲရ အီတလီ အသင်း၏ အသင်းခေါင်းဆောင် ဖာဘီယိုကင်နာဘာရိုသည် ဥရောပ၏ နှစ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုအတွက် အမည်စာရင်းတင်သွင်းခံရသူများအနက် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြီးခဲ့သည့် ဇူလိုင်လက ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပသည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် အီတလီအသင်းကို ကင်နာဘာရိုက ဦးဆောင်ခဲ့သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ပိုင်းတွင် ကင်နာဘာရိုသည် ဂျူဗင်တပ်စ် အသင်းမှ ရီးယဲလ်မဒရစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။

အင်တာနက်။

ဟန်ဂေရီလူမျိုး ဂန္ထဝင်ဘောလုံးသမား ကွယ်လွန်အနိစ္စရောက်

ဘူဒါပက် နိုဝင်ဘာ ၁၇

ဟန်ဂေရီလူမျိုးဂန္ထဝင်ဘောလုံးသမား ဖာရင့်ဖူးစကက်သည် ကာလကြာရှည်စွာ နာမကျန်းဖြစ်ခဲ့ပြီးနောက် ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်ကြောင်း၊ ၎င်းကွယ်လွန်ချိန်တွင် အသက် ၇၉နှစ်ရှိပြီဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရီးယဲလ်မဒရစ်အသင်း၏တိုက်စစ်မှူးဟောင်းဖြစ်ခဲ့သူ ဖူးစကက်သည် ၁၉၅၀ ပြည့်လွန်နှစ်များက ကမ္ဘာ့ဘောလုံးလောကကို လွှမ်းမိုးနိုင်ခဲ့သူဖြစ်သည်။ ဖူးစကက်သည် ၁၉၄၉ ခုနှစ် မှ ၁၉၅၆ ခုနှစ်ထိ ဟန်ဂေရီလက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့သည်။

ဖူးစကက်သည် ၁၉၆၆ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ နည်းပြတာဝန်အဖြစ် တာဝန်ယူခဲ့သည်။ **အင်တာနက်**

ပထမဦးစားပေး ဘောလုံးသမားဖြစ်ရန် ရိုက်ဖီးလစ်ကြိုးစားမည်

လန်ဒန် နိုဝင်ဘာ ၁၇

မိမိသည် ချယ်လ်ဆီးအသင်း ပထမဦးစားပေးဘောလုံးသမားများစာရင်းတွင် ပါဝင်လာရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြောင်း ညာတောင်ပံမှကစားလေ့ရှိသူ ရိုက်ဖီးလစ်က ယနေ့ပြောကြားသည်။

ဂျမေကာနွယ်ဖွား ဘောလုံးသမား ရိုက်ဖီးလစ်သည် အင်္ဂလန်လက်ရွေးစင်အသင်းတွင်လည်း ပါဝင်ကစားနေသူဖြစ်သည်။ သို့ရာတွင် လက်ရွေးစင်အသင်းတွင် ဦးစားပေးဘောလုံးသမားအဖြစ် နှစ်ကြိမ်နှင့် အရန်ဘောလုံးသမားအဖြစ် ကိုးကြိမ်မျှသာ ပါဝင်ခွင့်ရရှိ သေးသည်။

အသက် ၂၅နှစ်အရွယ်ရှိ ရိုက်ဖီးလစ်သည် ၂၀၀၅ခုနှစ် ဇူလိုင်လတွင် မန်ချက်စတာစီးတီးအသင်းမှချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ချိန်မှစ၍ ပထမဦးစားပေး ဘောလုံးသမားစာရင်းတွင် ပါဝင်ခွင့်မရရှိသေးပေ။**အင်တာနက်။**

သုဝဏ္ဏ ကမာကြည်အိမ်ရာ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းရှင့်–

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (၂၉)ရပ်ကွက် သုဝဏ္ဏရှိ ကမာကြည် အိမ်ရာတွင် ရေနုတ်မြောင်းများ ဖောက်ထားသော်လည်း အိမ်ရာအနီးရှိ သုဝဏ္ဏဈေးကြီးမှ အမှိုက်များကို ရေမြောင်းများအတွင်းသို့ စည်းကမ်းမဲ့ စွန့်ပစ်နေခြင်းကြောင့် ရေမြောင်းများ ပိတ်ဆို့ကာ နေအိမ်များအတွင်းသို့ ရေဆိုးများ စီးဝင်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဈေးမှ အမှိုက်များ စနစ်တကျ စွန့်ပစ်ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သုဝဏ္ဏသူ**

လမ်း ၅၀အလယ်လမ်း မီးလင်းစေချင်

စာတည်းခင်များ–

ရန်ကုန်မြို့ လမ်း ၅၀အလယ်လမ်း (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)ရှိ အိမ်များသို့ မီးလိုင်းသုံးလိုင်းဖြင့် လျှပ်စစ်ဓာတ်အားပေးလျက်ရှိရာတွင် အိမ်အချို့သို့ ပေးသော မီးလိုင်း တစ်လိုင်းမှာ မကြာခဏ ပြတ်တောက်လျက်ရှိပါသည်။ တစ်လမ်းတည်း အတူတူအခြားနှစ်လိုင်းမှ သွယ်ထားသော အိမ်များ၌ မီးလာသော်လည်း လေးငါးဆယ်အိမ်ခန့်မှာ နေ့စဉ်မှောင်နှင့်မည်းမည်းဖြစ်နေပါ၍ လိုအပ်သလိုစိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးလင်းလိုသူ**

ပြည်သူ့ထံမှပေးစာ

လိပ်ပြာကန်လမ်းမ လျှပ်စစ်မီးလင်းစေလို

စာတည်းရှင့်–

ပဲခူးမြို့ လိပ်ပြာကန်လမ်းမ တစ်လျှောက်တွင် ရဲရိပ်သာ၊ ဂေါက်ကွင်း၊ ဘုန်းတော်ကြီးကျောင်း၊ လူနေအိမ်များရှိသော်လည်း လမ်းမီးမလင်းပါ။ သို့ဖြစ်ပါ၍ ခရီးသွားများနှင့် ညဘက် အလုပ်ဆင်းရသူ မိန်းကလေးများ အဆင်ပြေစွာ သွားလာနိုင်စေရန် လမ်းမီးများလင်းရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးလင်းစေလိုသူ

ရေထွက်ပေါက် ဖောက်ပေးစေလို

စာတည်းခင်များ–

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် မြို့မဈေးကြီး၏အနောက်ဘက် ကုန်စိမ်းတန်းဘက်တွင် မိုးရွာပါက ရေထွက်ပေါက်မရှိသဖြင့် ဈေးသည်များနှင့် ဈေးဝယ်သူများသည် ရေဆိုးများထဲတွင် ရောင်းဝယ်နေကြရပါသည်။**(အောက်ပုံ)**

သို့ဖြစ်ပါ၍ ဈေးကြီးအတွင်း ရေထွက်ပေါက် ဖောက်ပေးပါရန် တင်ပြအပ်ပါသည်။

မြို့မဈေးသူဈေးသားများ



သားရေနယ်လုပ်ငန်းပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား–

မုံရွာမြို့ အောင်ချမ်းသာရပ်တွင် သားရေနယ်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အဆိုပါလုပ်ငန်းမှ အနံ့အသက်ဆိုးများကြောင့် ရပ်ကွက်အတွင်းရှိ ပြည်သူများအား ကျန်းမာရေး ထိခိုက်စေပါသဖြင့် သင့်လျော်သော စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်ပြည်သူများ။**

ကားဘော်ဒီထုသံ ဆူဆူညံ

စာတည်းခင်များ–

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၃၂)ရပ်ကွက် စိမ်းလဲ့သာယာ (၁)လမ်းထောင့်၌ ကားဘော်ဒီလုပ်ငန်း၊ ဆေးမှုတ်လုပ်ငန်းတို့ကို လုပ်ကိုင်လျက်ရှိရာ ဆေးမှုတ်သည့် အနံ့ဆိုးများ၊ ဘော်ဒီထုသံများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား သင့်တော်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။**ရပ်ကွက်သားတစ်ဦး**

ပေါင်မုန့်လုပ်ငန်းမှ စွန့်ပစ်ရေ ပတ်ဝန်းကျင်သို့ပျံ့နှံ့နေ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း သာကေတမြို့နယ် (၁)ရပ်ကွက် အနော်မာအရှေ့ (၅)လမ်းရှိ အိမ်တစ်အိမ်တွင် ပေါင်မုန့်ဖုတ်လုပ်ငန်းကို နေ့ရောညပါ လုပ်ကိုင်လျက်ရှိရာ အဆိုပါ လုပ်ငန်းမှ စွန့်ပစ်ရေဆိုးများကို ရေမြောင်းများအတွင်း စွန့်ပစ်နေသောကြောင့် ပတ်ဝန်းကျင်၌ အနံ့အသက်ဆိုးများ ပျံ့နှံ့လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနော်မာ(၅)လမ်းသား

သားငါးအလေးချိန်မှန်ကန်ရေး ဆောင်ရွက်ပြီး

၁၉–၈–၂၀၀၆ နေ့ထုတ် ကြေးမုံသတင်းစာပါ ဖျာပုံမြို့မှ သားငါးအလေးချိန်ခွင် မှန်ကန်စေချင်ပေးစာနှင့်စပ်လျဉ်း၍ အသားများ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချရေး၊အလေးချိန်ခွင်ပြည့်ဝစွာ ရောင်းချရေး ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

စားသောက်ဆိုင်အညှော်နံ့ ဆောင်ရွက်ပြီးစီး

၂၃–၉–၂၀၀၆ နေ့ထုတ် ကြေးမုံသတင်းစာပါ မိတ္ထီလာမြို့ လင်းဇင်းရပ် ပန်းခြံလမ်းရှိ စားသောက်ဆိုင်မှ အသားစိမ်းမီးကင်အညှော်နံ့ပေးစာနှင့် စပ်လျဉ်း၍ စိစစ်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်တွင် နေရာချထားမည့် မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများအတွက် လျှောက်လွှာခေါ်ယူခြင်း

မြို့ကွက်သစ်

၁။ နေပြည်တော်တွင် မြေကွက် ၄၀၀၀ စီပါရှိသော မြို့ကွက်သစ်နှစ်နေရာအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဖော်ထုတ်သွားပါမည်–

(က) **မြေကွက်အရွယ်အစား** ။ ပေ ၁၂၀ x ပေ ၁၂၀ မြေကွက်၊ ပေ ၁၀၀ x ပေ ၁၀၀ မြေကွက်၊ ပေ ၈၀ x ပေ ၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်။

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ရေစီးရေလာ စနစ်များ ဆောင်ရွက်ပေးမည်။

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံအစရှိသည့် လူမှုရေးအဆောက်အအုံများ ပါဝင်မည်။

၂။ မြေကွက်လျှောက်ထားသူသည် အောက်ပါအချက်အလက်များအတိုင်း လိုက်နာရပါမည်–

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် သတ်မှတ်တန်ဖိုးကို ပေးသွင်းရမည်။

(ခ) အမှန်တကယ် နေထိုင်ရန် လိုအပ်ပါက မြေကွက် နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာ ဖြစ်သဖြင့် မည်သည့် စီးပွားရေး လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ် သို့မဟုတ် နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်၊ တစ်လုံးထက်ပို၍ ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြု။

(စ) ဆောက်လုပ်ပြီး အိမ်အစား အသစ်ထပ်မံဆောက်လုပ်လိုပါက လက်ရှိအိမ်အား ဖျက်သိမ်း၍ သတ်မှတ်ပေးထားသည့်အိမ်ပုံစံများအနက် နှစ်သက်ရာကို ရွေးချယ် ဆောက်လုပ်ခွင့် တင်ပြဆောင်ရွက်နိုင်ပါသည်။

(ဆ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်၊ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသော အိမ်ပုံစံကို ကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဇ) နေရာချထားပေးပြီး အနည်းဆုံး သုံးလအတွင်း အဆောက်အဦ စတင် ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့်လျော်ကြေးမှမပေးဘဲ ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အဦ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချ မည် ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်း ရောင်းချခွင့်ပြုမည်၊ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

အဆင့်မြင့်ဈေး

၃။ နေပြည်တော်တွင် ဖွင့်လှစ်မည့် Shopping Complex တွင် အောက်ပါအချက်အလက် များနှင့် ကိုက်ညီသော ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခွင့်ပြုပါမည်–

(က) စားသောက်ဆိုင်များ(မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒံပေါက်၊ ချစ်တီးထမင်း၊ အအေးဆိုင်စသည်ဖြင့်)။

(ခ) ဆေးပစ္စည်းအရောင်းဆိုင်များ(ဆေးခန်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမပါ)။

(ဂ) အမျိုးသား/ အမျိုးသမီးအလှပြင်ဆိုင်များ(အနှိပ်/အကြောပြင်ခန်းများမပါ)။

(ဃ) စိန်ရွှေ ရတနာဆိုင်။

(င) စာအုပ်နှင့် စာရေးကိရိယာဆိုင်။

(စ) အပ်ချုပ်ဆိုင်။

(ဆ) အဆင့်မြင့်မူလတန်းကြိုကျောင်း။

(ဇ) Electronics ပစ္စည်းအရောင်းဆိုင်များ (Services Centre တွဲလျက်)၊ (Training Centre ခွင့်မပြုပါ)။

၄။ အထက်ဖော်ပြပါ Shopping Complex အတွင်း ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ x ပေ ၂၀၀ အကျယ် မြေကွက်များ ခွင့်ပြုပေးမည်။

၅။ အဆိုပါ သတ်မှတ်မြေကွက်အတွင်း ရှေ့ပိုင်း ပေ ၇၀ x ပေ၁၀၀တွင် သတ်မှတ် ပေးထားသည့် ပုံစံအတိုင်း တစ်ထပ်ဆိုင်ခန်းဆောက်လုပ်ရန်နှင့် နောက်ပိုင်း ပေ ၁၀၀ x ပေ ၁၀၀ တွင် အလုပ်သမားများ နေထိုင်ရန် စတိုများအား အများဆုံးနှစ်ထပ်အထိသာ ဆောက်လုပ်ရန် ခွင့်ပြုမည်။ ဆောက်လုပ်မည့်ပုံစံအား တင်ပြအတည်ပြုချက် ရယူဆောက်လုပ်ရမည်။

၆။ ဈေးဆိုင်ခန်း ဆောက်လုပ်ရောင်းချခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံ လွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်၊ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်း မပြုရ။

၇။ လုပ်ငန်းဆက်လက်မလုပ်နိုင်ပါက မြေနှင့်အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၈။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လုပ်ငန်းရင်းနှီးမြှုပ်နှံနိုင်သည့် ခိုင်မာသော ငွေကြေးအင်အားရှိမှုအနေအထားကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်နှင့် သက်ဆိုင်ရာ ဘဏ်၏ အာမခံချက် (သို့မဟုတ်) မရွှေ့ပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှု အထောက်အထားနှင့်အတူ တင်ပြရမည်။

(ခ) လျှောက်ထားသူသည် လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအား အမှန် တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဂ) အဆောက်အဦဆောက်လုပ်ပြီး လုပ်ငန်းစတင်လုပ်ကိုင်သည်နှင့် မြေပိုင်ဆိုင်မှု အဖြစ် နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ် အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်း ရောင်းချမည်ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့် ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ယာဉ်ပြင်အလုပ်ရုံများ

၉။ နေပြည်တော်တွင် ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများကို အောက်ပါလုပ်ငန်း ဆောင်ရွက်လိုသူများသည် ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူများ(အထောက်အထားပူးတွဲလျက်)။

(ခ) လက်ရှိပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းများ။

(ဂ) လက်ရှိ လုပ်ကိုင်နေသော ယာဉ်ပြင်အလုပ်ရုံများ။

၁၀။ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများတွင် လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေး၊ ကွန်ကရစ်လမ်းနှင့် ရေစီးရေလာစနစ်များအပြည့်အစုံဖြင့် ဆောက်လုပ်ပေးမည်။

၁၁။ အဆောက်အဦကို သတ်မှတ်ပေးသည့်ပုံစံအတိုင်း မိမိအစီအစဉ်ဖြင့်ဆောက်လုပ် ရမည်။

၁၂။ မြေကွက်ဖော်ထုတ်မှု ကုန်ကျစရိတ်များကို ဝယ်ယူသူများမှ ပေးချေရမည်။

၁၃။ အဆောက်အဦကို သုံးလအတွင်း ဆောက်လုပ်ရန်နှင့် လုပ်ငန်းဆက်လက် မလုပ်နိုင်ပါက မြေနှင့် အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်။ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်းမပြုရ။

စည်းကမ်းချက်များ

၁၅။ အထက်ဖော်ပြပါ မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများ ဝယ်ယူရန် လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဖြစ်ရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရား ဥပဒေဘောင် ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခု ဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူ သော်လည်းကောင်း၊ ကျူးလွန် ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူ သော်လည်းကောင်း မဖြစ် စေရ။

၁၆။ လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို **နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး သို့မဟုတ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နေပြည်တော်** သို့ ဆက်သွယ် စုံစမ်း လျှောက်ထားနိုင်ပါသည်။

၁၇။ **ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးထားသော အသင်းများအတွက်** မြို့ကွက်သစ်များတွင် သီးသန့်နေရာချထားပေးမည် ဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် အသင်းများသည် **အထက်အပိုဒ် (၁၆) ပါ လိပ်စာများ** သို့ လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ

စုံစမ်းရန် ဖုန်းနံပါတ်များ။ ၀၆၇၄၀၉၃၂၀၊ ၀၆၇၄၁၄၂၀၂၊၀၆၇၄၁၄၂၀၄၊ ၀၆၇၄၁၄၂၈၉၊ ၀၆၇၄၁၄၂၉၄

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံလေယာဉ်ကွင်း ပြေးလမ်းတိုးချဲ့လုပ်ငန်း ကြည့်ရှု လည်ပင်းကြီးရောဂါနှင့် မျက်စိရောဂါ ခွဲစိတ်ကုသထားသော တိုင်းရင်းသားပြည်သူများကို ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီတွင် မြန်မာ့ လေကြောင်းခရီးဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့သို့ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျိုင်းတုံလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် လည်ပင်းကြီးရောဂါနှင့် မျက်စိခွဲစိတ်ကုသထားသော ဒေသခံ တိုင်းရင်းသား ပြည်သူများအား စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်း အထူးအဖွဲ့(၁)က ဆောင်ရွက်လျက်ရှိသည့် ကျိုင်းတုံလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၏ လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးနှင့် စီမံကိန်းအင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့က ကျိုင်းတုံလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းတိုးချဲ့ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျိုင်းတုံလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းကို အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀ ရှိ လေယာဉ်ပြေးလမ်းအဖြစ် တိုးချဲ့ရာတွင် တစ်ခြမ်းမှာ လုံးဝပြီးစီးသွားပြီဖြစ်သော်လည်း ကျန်ရှိသည့်အပိုင်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည့် စံချိန်စံညွှန်းမီ လေယာဉ်ကွင်း ဖြစ်လာစေရန်နှင့် တည်ဆောက်ရေးအတွက် လိုအပ်သည်များကိုလည်း ညှိနှိုင်းတင်ပြ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အစည်းအဝေးများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့်နှင့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၂ ဦးရှိရာ ကိုယ်စားလှယ်အားလုံး တက်ရောက်ကြသဖြင့် ရာခိုင်နှုန်းပြည့် တက်ရောက်ကြသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●**

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

၁၈–၁၁–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။